အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် အတွက် ယနေ့နံနက် ၇ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ထွက်ခွာ သွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေး ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်

တပ်မတော်အစိုးရသည် နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာသည့် ပြည်သူတို့၏ ရင်နှစ်သည်းချာများ ဖြစ်ကြသည်။ အမိနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကိုကာကွယ်ရန် တပ်မတော်ထဲသို့ မိမိတို့ဆန္ဒအလျောက် ဝင်ရောက်အမှုထမ်းလျက်ရှိသော စွန့်လွှတ်စွန့်စားဝံ့သူများလည်း ဖြစ်ကြသည်။ ယနေ့အချိန်အခါတွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်လက်တွဲ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဇူလိုင်လ ၆ ရက်နေ့ နံနက်ပိုင်းတွင် မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားခဲ့သည်။

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင်–

"ယနေ့ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရန် ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်ကာ လမ်း၊ တံတားများ၊ ဆည်မြောင်းတာတမံများ၊ ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်နှင့် နည်းပညာသင်တန်းကျောင်းများကို ပြည်နယ်နှင့်တိုင်း ဒေသအနှံ့ ဖြန့်ကြက်ဆောင်ရွက်ပေးနိုင်ခြင်းမှာ နိုင်ငံတော်နှင့်ပြည်သူ လက်တွဲညီညီ ပါဝင်ဆောင်ရွက်မှုကြောင့်ပင်ဖြစ်ကြောင်း"

ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ရေးတွင် အခြေခံကျသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက် (၁၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းတို့အနက် နိုင်ငံရေးဦးတည်ချက် လေးရပ်တွင် ပါဝင်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးတည်ချက်နှင့်အညီ တပ်မတော်အစိုးရက စိတ်ထား စေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည် ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စီးပွားရေးဦးတည်ချက် လေးရပ်တွင် ပါဝင်သည့် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ရည်မှန်းချက်ပါအတိုင်း နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးစွမ်းအားစုများဖြစ် သည့် စိုက်ပျိုးရေရရှိစေရန် ဆည်မြောင်းတာတမံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သည်။ စိုက်ပျိုးသီးနှံအမည်(အမယ်)များစွာအနက် စပါးသီးနှံတစ်ခုတည်းကို နှိုင်းယှဉ်ကြည့်လျှင် ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး၏ စပါးအထွက်သည် တင်းသန်း ၆၃၀ ခန့်သာ ထွက်ရှိခဲ့ရာမှ ယခု ၂၀၀၃–၂၀၀၄ ခုနှစ်၏ စပါးအထွက်သည် တင်း ၁၁၀၇ သန်းအထိ နှစ်ဆတိုး ထွက်ရှိထုတ်လုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရ သည်။

စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အမှန်တကယ်လုပ်ကိုင်ကြသည့် တောင်သူလယ်သမားများအား ဌာနဆိုင်ရာဝန်ထမ်းများက နည်းပညာ၊ မျိုးကောင်းမျိုးသန့်ဖြန့်ဝေ ပညာပေးခြင်းတို့ကို လက်တွေ့ကျကျ၊ စိတ်ရှည်ရှည်၊ စေတနာပါပါဖြင့် သက်ဆိုင်ရာဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၂–၇–၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Land Sculpture By Underground Water And Streams (ပထမနှစ် ပထဝီဝင်အထူးပြု)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၆း၅၀ ၁၇။ မေးမြန်းစူးစမ်း
၇း၀၀ ၁၈။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း–၅)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **"ဘဝနေနည်း ရှေ့ခရီးမှာ"**
၂၅။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၃၆)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များနှင့်ဝန်ထမ်းများအား ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁၁

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေခဲ့သည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ဝန်ထမ်းများအား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂုဏ်ပြုသည့်အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဂုဏ်ပြုခံ အနုပညာရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များနှင့် ဝန်ထမ်းများကိုယ်စား အငြိမ့်အဖွဲ့မှ ဒေါ်မြင့်မြင့်ကြည်၊ နှစ်ပါးအလှ သုခုမအဖွဲ့မှ ဦးဉာဏ်ဝင်းနှင့် ဆိုင်းပဒေသာအဖွဲ့မှ ဦးအေးကြူ(ခ) မလှိုင်သန်းထွန်းတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇူလိုင် ၈ ရက်က မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြု၍ သစ်ပင်စိုက်ပျိုးရေး လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် မြောက်ဥက္ကလာပ ဆေးရုံကြီးပတ်လည် အုန်းပင်ပျိုများ စိုက်ပျိုးပွဲကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြသောင်းဦးဆောင်သော ပါမောက္ခများ၊ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အုန်းပင်ပျို ၂၀၀ ကျော် စိုက်ပျိုးကြစဉ်။ (၃၂၂)

စာရင်းကောက်ချိန်လွှန် စာရင်းကောက်ယူခြင်းနှင့် အကျဉ်းချုံးကြေးတိုင်စိုက်ခြင်းလုပ်ငန်း သင်တန်းများဖွင့်

ရန်ကုန် ဇူလိုင် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ လယ်ယာစာရင်းကောက်ယူရေးလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ခရိုင်ပေါင်း ၆၀၊ မြို့နယ်ပေါင်း ၂၈၃ မြို့နယ်တို့၌ အပြည့်အဝ စာရင်းကောက်ယူခဲ့ပြီး ကောက်ယူရရှိပြီး စာရင်းများအပေါ်တွင် ပြည့်စုံမှန်ကန်မှု ရှိမရှိ သိနိုင်ရန် စာရင်းကောက်ချိန်လွှန် စာရင်းကောက်ယူခြင်း လုပ်ငန်းသင်တန်းနှင့် ၂၀၀၄ ခုနှစ် အကျဉ်းချုံး ကြေးတိုင်စိုက်ခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းအနောက်ပိုင်း သာယာဝတီခရိုင် မင်းလှမြို့နယ် မြေစာရင်းဦးစီးဌာနတွင် ကျင်းပသည်။

အဆိုပါသင်တန်းကို ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင် တက်ရောက် အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူးများ၊ လက်ထောက်ဦးစီးမှူးများ၊ သင်တန်းသား ၆၅ဦး တက်ရောက်ကြသည်။

(က–ပ)

အောင်ပြည်ငြိမ်းအေးစေတီ ပြုပြင်ရေးလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၁

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် လမ်း ၁၁၀ ပဲခူးကျောင်းတိုက်ရှိ အောင်ပြည်ငြိမ်းအေးစေတီတော် ဘက်စုံပြုပြင်ရေးလုပ်ငန်းများကို ပဓာန နာယက ဆရာတော် အရှင်တေဇနှင့် ပါရမီရှင်အဖွဲ့က ဦးစီးဆောင်ရွက်လျက်ရှိရာ ဆက်သွယ်လှူဒါန်းလိုသူများသည် ဖုန်း–၂၉၄၀၀၄ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

*** ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tesing de Cruz နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yu Boren နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tesing de Cruz၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၁

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ရဲရေးချုပ် ရဲမှူးချုပ်စိုးမြင့်ထွန်း၊ အမှတ်(၃) တပ်ထိန်းတပ်တပ်မှူး ဗိုလ်မှူးရဲမြင့်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးသိုက်ထွန်းနှင့် ဦးခင်မောင်၊ ညွှန်ကြားရေးမှူးချုပ်(ပူးတွဲ) ဦးဝင်းအောင်၊ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်၊ ကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များသွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ **(အောက်ပုံ)**

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

ဝိုင်အမ်ဘီအေအသင်း ပဥ္စမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၁

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၃၁ရက် (မြမ္မစကြာနေ့) စနေနေ့ နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အတွင်းရေးမှူးထံတွင်လည်းကောင်း၊ ဖုန်း-၂၉၀၄၀၉ သို့လည်းကောင်း ဆက်သွယ် လှူဒါန်းကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၇-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၂၀	၈။	လဂွမ်းပြင်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice In Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာပထမနှစ် (သိပ္ပံအထူးပြု အားလုံး) (ဓာတုဗေဒ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၃၀	၇။	ပသောင်းတံတား
၁၇:၄၀	၈။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၅၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၈:၁၀	၁၀။	တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၁။	Discovery
၁၈:၂၀	၁၂။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း" အပိုင်း(၅)**
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၂၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၃၅	၁၇။	အေးချမ်းဝေစည်ရှမ်းတို့ဌာနီ (အရှေ့ပိုင်း)
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ" (အပိုင်း-၃)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်းအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၁

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ပြည်ပမှရောက်ရှိလာသည့် တံတားသံပေါင်နှင့် တည်ဆောက်ရေးပစ္စည်းများ စနစ်တကျနေရာချထားမှုနှင့် လုပ်ငန်းခွင်အတွင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးခင်မောင်ဝင်းက စီမံကိန်းဆိုင်ရာအချက်အလက်များ၊စီမံကိန်းစတင်သည့် ၂၀၀၃ ခုနှစ် ဇူလိုင် ၃၀ရက်မှ ယခုအထိ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ အင်ဂျင်နီယာမှူးဦးကျော်ရှိန်က ကမ်းနီဘက်ခြမ်းတံတား ချဉ်းကပ်လမ်းဖောက်လုပ်မှုအခြေအနေ၊ ကျောက်ချောင်းကြီးတံတားတည်ဆောက်မှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစွာတည်ဆောက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ပြည်ပမှရောက်ရှိလာသော တံတားသံပေါင်နှင့် တံတားတည်ဆောက်ရေးပစ္စည်းများ စနစ်တကျ နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

တောင်သူများအားတွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ ကန်ကြီးဒေါင့်မြို့နယ် ကွင်းယားကြီးအရှေ့ကျေးရွာအုပ်စုရှိ မြို့ဝင်ဇော ၄၀၀စံပြစိုက်ကွက်သို့ ရောက်ရှိကြပြီး ကိုယ့်မျိုးကိုယ်ပွားခေါင်နံ့ပျိုးထောင်နည်းပညာ၊ခေတ်သစ်ပျိုးထောင်စိုက်စနစ်နည်းပညာနှင့်စပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း နည်းပညာသရုပ်ပြပွဲသို့လာရောက်လေ့လာကြသည့်ကွင်းယားကြီးအရှေ့ကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စု ၁၃ခုမှ ဒေသခံ တောင်သူ၆၃၄ဦးအား တွေ့ဆုံသည်။

ရှေးဦးစွာမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာညီညီက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ကုန်ကျစရိတ်သက်သာစွာဖြင့် စပါးအထွက်တိုးစေရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို နည်းစနစ်မှန်ကန်စွာသုံးစွဲရေး ဆွေးနွေးရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒေသခံတောင်သူများအားတွေ့ဆုံ၍ တစ်ဧကတင်း ၁၀၀ထွက်ရှိရေးနှင့် ယခုပြသသည့် သရုပ်ပြစိုက်ပျိုးမှုများနှင့်အညီ ကြိုးပမ်းစိုက်ပျိုးကြရေး တိုက်တွန်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် သရုပ်ပြစိုက်ပျိုးပွဲကို ကြည့်ရှုစစ်ဆေးသည်။

စာသင်ခန်းဖွင့်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သင်ကြားမှု၊သင်ယူမှုအထောက်အကူပြုစာသင်ခန်းများဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် Language Lab Room , Computer Application Room, Computer Aided Instruction Room, Electronic Media Room, Reading Corner(Printed Media)Room, Electronic Media(Audio System)Roomနှင့် အနုပညာပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကျောင်းကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က လက်ခံသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အလှူရှင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းမြို့နယ် ကန်ဒေါင့်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို တိုင်းပညာရေးမှူး ဦးမောင်မောင်နှင့် အလှူရှင်ဦးတင်ခတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အလှူရှင်ဦးတင်ခက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သက်ဆိုင်သည့် စာရွက်စာတမ်းများကို တိုင်းပညာရေးမှူး ဦးမောင်မောင်ထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၆၂ပေ၊အနံပေ ၃၀ရှိတစ်ထပ်အုတ်ကျောင်းဆောင်ဖြစ်ပြီး နိုင်ငံတော်က ထည့်ဝင်ငွေကျပ်၁၃သိန်း၊ အလှူရှင်ဦးတင်ခ၏ လှူဒါန်းငွေကျပ် ၆၄သိန်း ၅သောင်း အပါအဝင် စုစုပေါင်း ကျပ် ၇၇ သိန်း ၅သောင်း တန်ဖိုးရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းမြို့နယ် မြို့နယ်မိုးလုံလေလုံ အားကစားခန်းမဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အားကစားခန်းမဖွင့်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်တို့က မြို့နယ်အားကစားခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာမြို့နယ်မိုးလုံလေလုံအားကစားခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယအပိုင်းအစီအစဉ်များကို ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ အားကစားခန်းမနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စန်းက တိုင်းအားကစားမှူး ဦးတင်မောင်ရီအား ပေးအပ်သည်။

ထို့နောက် အလှူရှင်ဦးငွေသိမ်းက အလှူငွေကျပ် ၃၆သိန်းကို တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်အား ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြားပြီး ကျောင်းကုန်း၊ ရေကြည်၊ ပန်းတနော်မြို့နယ်များအတွက် အားကစားပစ္စည်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အားကစားသရုပ်ပြအဖွဲ့က အေရိုးဗစ်၊မြန်မာ့သိုင်း၊ ရိုးရာခြင်းလုံးခတ်နှင့် ဂူရှူးအားကစားနည်းများကို သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အားကစားသရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါအားကစားခန်းမမှာ ပြည်သူလူထု ထည့်ဝင်ငွေ၊ အလှူရှင် ဦးငွေသိမ်း၏ လှူဒါန်းငွေနှင့် နိုင်ငံတော်၏ ထည့်ဝင်ငွေ စုစုပေါင်း ၁၆၁၁၁၄၁၂ ကျပ်ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိပြီး တံတားကြီး အစဉ်ကြံ့ခိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ရေကြီးကွင်း ရေနက်ကွင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြပြီး ညောင်တုန်းမြို့နယ် ဇီးဖြူကျွန်း မြန်မာဘီလီယံဂရု(ပ်)ကုမ္ပဏီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေကြီးကွင်း ရေနက်ကွင်းများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၂၇ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ၂၀၀၄-၂၀၀၅ခုနှစ် ဧရာဝတီတိုင်းအတွင်း တိုးချဲ့ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဇူလိုင် ၉ ရက်က ဧရာဝတီတိုင်း ညောင်တုန်းမြို့ရှိ ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်ရေး ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်များ လွှတ်မပေးလျှင် ဘူဂေးရီးယားဓားစာခံနှစ်ဦးအား သတ်ပစ်မည်ဟု ခြိမ်းခြောက်

ဘဂ္ဂဒက် ဇူလိုင် ၉

အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်အကျဉ်းသားများအား လွှတ်မပေးလျှင် ၂၄ နာရီအတွင်း ဘူဂေးရီးယား ဓားစာခံနှစ်ဦးအား သတ်ပစ်မည်ဟု အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများက ကြာသပတေးနေ့၌ ခြိမ်းခြောက်ခဲ့ကြသည်။

အာရေဗျ ဂြိုဟ်တုရုပ်မြင်သံကြားသတင်းဌာနဖြစ်သော အယ်လ်ဂျာဇီရာက ထုတ်လွှင့်သည့် တိပ်ခွေသည် ဂျော်ဒန်လူမျိုး အဘူမူဆက်အယ်လ်ဇာကာဝီ ဦးဆောင်သော ဂျီဟက်အုပ်စုမှရသော တိပ်ခွေဖြစ်ကြောင်း သိရသည်။

တွေ့ရ

ယင်းတိပ်ခွေ၌ ဘူဂေးရီးယားများဟုဆိုသော လူနှစ်ဦးကို မျက်နှာဖုံးစွပ်ထားသော ပြန်ပေးသမားများ၏ရှေ့၌ ထိုင်လျက်တွေ့ရပြီး ပြန်ပေးသမားနှစ်ဦးမှာ မောင်းပြန်လက်နက်များကို ကိုင်ဆောင်ထား၍ တစ်ဦးမှာ ကြေညာချက်ကို ဖတ်ပြနေသည်ကို တွေ့ရသည်။

ထုတ်လွှင့်

ဘူဂေးရီးယားအစိုးရက အီရတ်သို့ တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့ခြင်းကြောင့် ၎င်း၏နိုင်ငံသားများ လုံခြုံရေးကို တာဝန်ခံရမည်ဟု ယင်းအုပ်စုက ပြောကြားသည်ဟု အယ်လ်ဂျာဇီရာက သတင်းထုတ်လွှင့်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဘူဂေးရီးယားအရာရှိများထံမှ ဝေဖန်ချက်မရရှိသော်လည်း ဖမ်းဆီးထားခြင်းခံရသူများသည် အရပ်သားများ သို့မဟုတ် စစ်ဘက်ပုဂ္ဂိုလ်များ ဖြစ်သည်ကို ရှင်းရှင်းလင်းလင်းမသိရဟု ဆိုသည်။

ပို့ထား

ဘူဂေးရီးယားနိုင်ငံသည် အီရတ်စစ်ပွဲတွင် အမေရိကန်ပြည်ထောင်စု၏ အပေါင်းပါနိုင်ငံဖြစ်ခဲ့ပြီး အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသို့ တပ်ဖွဲ့ဝင် ၄၇၀ ခန့် ပို့ထားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ ဘုရှ်၏ ရုပ်ပုံပေါ်တွင် ကြက်ခြေခတ်ကာ အီရတ်တို့ ဆန္ဒပြနေကြသည်ကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မျက်လုံးဒဏ်ရာရသော အီရတ်ကလေးငယ် ခွဲစိတ်ကုသပြီး၍ ဂျပန်မှအီရတ်သို့ပြန်ရောက်

ဖော်လူဂျာ ဇူလိုင် ၈

အီရတ်နိုင်ငံ ဖော်လူဂျာတွင် တိုက်ခိုက်မှုများကြောင့် ဘယ်ဘက်မျက်လုံးထိခိုက်ခဲ့ရသော ၁၀ နှစ်အရွယ် အီရတ်ကလေးငယ် မူဟာမက်ဟာမီဆာဟာကို ဇွန် ၄ ရက်က ဂျပန်စေတနာရှင်အဖွဲ့များမှ ဂျပန်နိုင်ငံသို့ ခေါ်ဆောင်၍ ဆေးကုသပေးခဲ့ကြသည်။

၎င်းကလေးငယ်သည် ဂျပန်နိုင်ငံတွင် တစ်လကြာ ၎င်း၏ ဘယ်ဘက်မျက်လုံးကို ခွဲစိတ်ကုသပြီးနောက် အီရတ်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။ မူဟာမက်သည် ဂျပန်နိုင်ငံ နူမီဇူမြို့ရှိ ဆေးရုံတွင် ကုသမှုခံယူခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မူဟာမက်နှင့် ၎င်း၏ဖခင်သည် အီရတ်နိုင်ငံ ဖော်လူဂျာသို့ ပြန်ရန် ကန်ဆာနိုင်ငံတကာလေဆိပ်မှ ဂျပန်နိုင်ငံအနောက်ဘက် အိုဆာကာသို့ ယမန်နေ့က ထွက်ခွာသွားပြီ ဖြစ်ကြောင်း သိရသည်။ ၎င်းကလေးငယ်ကို လွှန်ခဲ့သည့်မေလက အီရတ်နိုင်ငံတွင် လက်နက်ကိုင်များ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သူ ရှင်ဆကဲဟာရီဒါ၏ ဇနီးနှင့် အပေါင်းအသင်းများက လေဆိပ်သို့ လိုက်လံပို့ဆောင်ခဲ့ကြသည်။

(အင်န်အိပ်ချ်ကေ)

ဘာ့သ်ပါတီဟောင်းမှ အဆင့်မြင့်အရာရှိ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၈

ဆက်ဒမ်ဟူစိန်၏ ဘာ့သ်ပါတီဟောင်းမှ အဆင့်မြင့်အရာရှိတစ်ဦးသည် ဘဂ္ဂဒက်မြို့စွန်၌ ကားဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးသွားခဲ့သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဘာ့သ်ပါတီ၏ အဆင့်မြင့်အရာရှိဖြစ်သူ အလီအဘတ်စ်သည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံးသွားခဲ့ကြောင်း ရဲအရာရှိ အန်မာယာဆင်က ဖြစ်ပွားရာနေရာ၌ ပြောကြားသည်။

သေဆုံး

အဘတ်စ်သည် အထည်အလိပ်စက်ရုံမှနေ၍ ကားမောင်းထွက်လာရာတွင် သူ၏ကားမှာ ပေါက်ကွဲသွားပြီး သေဆုံးခဲ့ရခြင်း ဖြစ်သည်ဟု ထိုရဲအရာရှိက ပြောကြားသည်။

ထိုပေါက်ကွဲမှုမှာ လမ်းဘေးဗုံးဖြစ်သည် သို့မဟုတ် ကား၌ ထောင်ထားသော ဗုံးဖြစ်သည်ဆိုသည်ကို ချက်ချင်းမသိရကြောင်း ရဲအရာရှိက ဆက်လက်ပြောကြားသည်။

ပျက်စီး

ကားမှာ လုံးဝပျက်စီးသွားခဲ့ပြီး ဘာ့သ်ပါတီဝင်ဟောင်းမှာလည်း မီးလောင်ခံရမှုကြောင့် ရုပ်ဆင်းအင်္ဂါပျက်ကာ မမှတ်မိလောက်အောင် ဖြစ်ခဲ့ရသည်။

(အင်တာနက်)

အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများ ပိုမိုများပြားလာ ဘဂ္ဂဒက်တွင် ပေါက်ကွဲမှုဖြစ်ပြီး ဆာမာရာ၌ လုံခြုံရေးစခန်းကိုပစ်ခတ်

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ယနေ့အစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားနေပြီး မြို့၏မြောက်ဘက် ဆာမာရာမြို့ရှိ အီရတ်အမျိုးသားလုံခြုံရေး အခြေစိုက်စခန်းကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် အီရတ်လုံခြုံရေးဝန်ထမ်းနှစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်းသိရသည်။

နိုင်ငံတစ်ဝန်း ခုခံတိုက်ခိုက်မှုများ ပိုမိုများပြားလာနေကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားခဲ့ပြီး ပြီးခဲ့သည့်ဧပြီလက အမေရိကန်တို့ ဖော်လူဂျာမြို့ကို ထိုးစစ်ဆင်ရာတွင် မအောင်မြင်ဖြစ်ခဲ့ချိန်ကစတင်ပြီး အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုပုံစံအတိုင်း တိုက်ပွဲများ ပိုမိုဖြစ်ပွားလာခဲ့သည်။

တိုက်ခိုက်

ခုခံတိုက်ခိုက်သူဟု အီရတ်နိုင်ငံ၌ အဓိက အလိုရှိနေသော ဇာကာဝီနှင့် ၎င်း၏အပေါင်းပါများ ဖော်လူဂျာမြို့၌ ခိုအောင်းနေရာများကို အမေရိကန်တို့က ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ အီရတ်နိုင်ငံ၌ ဇာကာဝီဆက်လက်ရှိနေပါက ရှင်းလင်းပစ်မည်ဖြစ်ကြောင်း အခြားအီရတ်လက်နက်ကိုင်အဖွဲ့က ခြိမ်းခြောက်ပြောကြားခဲ့သည်။ ပြီးခဲ့သော သုံးရက်အတွင်းက ဇာကာဝီခိုအောင်းရာနေရာ နေအိမ်ဟုသံသယရှိသော ဖော်လူဂျာမြို့ရှိ နေအိမ်ကို အမေရိကန်တို့က တိုက်ခိုက်ခဲ့သည်။

ထောက်လှမ်းရေး သတင်းများနှင့်ပတ်သက်၍ အီရတ်ပြည်သူများက အီရတ်ထောက်လှမ်းရေးအဖွဲ့ကို ကူညီလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ဖော်လူဂျာနှင့် ဆာမာရာစသော ဒေသများတွင် တိုက်ခိုက်မှုများ တိုးပွားလာနိုင်ကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားခဲ့ပြီး ယင်းတိုက်ခိုက်မှုများမှာ အီရတ်ပြောက်ကျားများ၊ နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများနှင့် ပါဝင်ပတ်သက်နေကြောင်း သိရသည်။

(စီအင်န်အင်န်)

ဆေးကုသ

ဆာမာရာမြို့တွင် တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားစဉ် ဒဏ်ရာရရှိခဲ့သော အီရတ်တို့ ဆေးရုံ၌ ဆေးကုသမှု ခံယူနေကြရသည်ကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အရေးပေါ်ဆင်းသက်နိုင်သည့်ရဟတ်ယာဉ်ကွင်း တရုတ်နိုင်ငံ ပေကျင်းမြို့၌တည်ဆောက်

ပေကျင်း ဇူလိုင် ၈

ပေကျင်းသည် အရေးပေါ်အသုံးပြုရန်အတွက် မြို့လယ်အရပ်ရှိ ဥယျာဉ်တစ်ခုတွင် ရဟတ်ယာဉ်ဆင်းသက်ရန်ကွင်းကို တည်ဆောက်ရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း ပေကျင်းတိုင်းမ်က ဖော်ပြသည်။

စတုရန်းမီတာ ၉၀၀ အကျယ်အဝန်းရှိ ရဟတ်ယာဉ် ဆင်းသက်သည့်ကွင်းသည် ပေကျင်းအရှေ့ပိုင်းရှိ ဗဟိုစီးပွားရေးခရိုင်(စီဘီဒီ)နှင့် နီးကပ်လျက်ရှိသော ချာအိုယန်းဥယျာဉ်တွင် တည်ရှိမည်ဖြစ်သည်။

ရည်ရွယ်

မြို့တော်ကို ငလျင်များ၊ ပေါက်ကွဲမှုများနှင့် အဓိကမီးလောင်မှုများကဲ့သို့ အရေးပေါ်ကိစ္စရပ်များအတွက် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ဆောင်ရွက်ရန် ရည်ရွယ်ပြီး ယင်းကဲ့သို့ အရေးပေါ်ဖြစ်ပွားမှုများရှိပါက ကယ်ဆယ်ရေးကြိုးပမ်းဆောင်ရွက်မှုများမှာ အလွန်တရာလွယ်ကူချောမွေ့သွားမည်ဖြစ်သည်။

ပြုလုပ်

ရဟတ်ယာဉ်ဆင်းသက်နိုင်သောကွင်းများကို ထုံးစံအတိုင်း ပတ်လည်ကာရံထားသော ခြံများနှင့် ရပ်နားရန်နေရာများ ပြုလုပ်ထားကြောင်း သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

■ *ကျောဖုံးမှ*

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၃ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ညွှန့်ကြိုဆောင်ရှေ့သို့ရောက်ရှိကြပြီး အမျိုးသားညီလာခံပြီးဆုံး၍ ခေတ္တရပ်နားပြီး မိမိတို့ဌာနေ မိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်တန်းဖြင့် ညောင်နှစ်ပင်စခန်းမှထွက်ခွာသွားကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား လက်ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ထိုနည်းတူစွာပင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၆နာရီ ၄၅ မိနစ်တွင် ညွှန့်ကြိုဆောင်ရှေ့သို့သွားရောက်၍ အမျိုးသားညီလာခံပြီးဆုံး၍ ခေတ္တရပ်နားပြီး မိမိတို့၏ ဌာနေမိသားစုများထံ ညောင်နှစ်ပင်စခန်းမှ နောက်ဆုံးသုတ်အဖြစ် ထွက်ခွာပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်တန်းဖြင့် ညောင်နှစ်ပင်စခန်းမှ နောက်ဆုံးသုတ်အဖြစ်ထွက်ခွာသွားကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား လက်ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ဆုမွန်ကောင်းတောင်း

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုကဲ့သို့ အမျိုးသားညီလာခံပြီးဆုံး၍ ခေတ္တရပ်နားပြီး မိမိတို့ဌာနေ မိသားစုများထံပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ရာ၌ အမျိုးသားညီလာခံကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ယခုလို မိမိတို့၏ဌာနေ မိသားစုထံ ပြန်ကြသကဲ့သို့ နောက်တစ်ကြိမ် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များအားလုံး ကျန်းကျန်းမာမာဖြင့် အောင်မြင်စွာ ပြီးဆုံးသည်အထိ ယခုလိုပင် တက်ရောက်နိုင်ကြပါစေ၊ ပြန်လည်ဆုံတွေ့နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် နှုတ်ဆက်ပြောကြားသည်။ **(သတင်းစဉ်)**

အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်(၂၂)ကြိမ်မြောက်ကွန်ဖရင့် မြန်မာနိုင်ငံတွင်လက်ခံကျင်းပရေးနှင့်စပ်လျဉ်းသည့်သတင်းစာရှင်းလင်း

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Engineering Society) က ကြီးမှူး၍ အာဆီယံအင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့် (22nd Conference of the ASEAN Federation of Engineering Organizations) (CAFEO-22) ကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ထို့နောက် အာဆီယံအင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်က မြန်မာနိုင်ငံနှင့် အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်တို့၏ ဆက်သွယ်မှု သမိုင်းကြောင်းနှင့် အာဆီယံအင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့်ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့် ကျင်းပရေး ဗဟိုကော်မတီဝင်များက အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက်ကွန်ဖရင့်(CAFEO-22) ကျင်းပရေး စီစဉ်ဆောင်ရွက်ထားမှုတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများနှင့် စာနယ်ဇင်းမှ ပုဂ္ဂိုလ်များအား မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း MES Web Site နှင့် CAFEO-22 Web Site တို့နှင့် စပ်လျဉ်း၍ ဗီဒီယိုဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည် ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ကျင်းပမည်

အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကကြီးမှူး၍ မြန်မာနိုင်ငံ၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကိုကိုးကျွန်းမြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဇူလိုင် ၁၁

ဇူလိုင် ၁၁ ရက် မြန်မာစံတော်ချိန်နံနက် ၉ နာရီခွဲတွင် ကိုကိုးကျွန်း၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၅၃ မီလီမီတာ ၉ ဒသမ ၉၆ လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၅၁ နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ် ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၂၁၆ မီလီမီတာ ၈ ဒသမ ၅၀ လက်မ ဖြစ်ပြီး ၁၉၉၁ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ရွာသွန်းခဲ့ခြင်း ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှတ်သားဖွယ်မိုးရေချိန်များ

၁၁-၇-၂၀၀၆

မင်္ဂလာဒုံ	၁ ဒသမ ၁၀ လက်မ
ရန်ကုန်မြို့လယ်	၁ ဒသမ ၁၄ လက်မ
ကမ္ဘာအေး	၂ ဒသမ ၂၄ လက်မ

(၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီစည်းဝေး

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီအစည်းအဝေး (37th Meeting of the ASEAN Coordinating Committee on Services) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ကော်မတီဝင်များ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံစီးပွားရေးဆိုင်ရာသဘောတူစာချုပ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ကြိုဆို နှုတ်ခွန်းဆက် စကားပြောကြားသည်။

အဖွင့်အမှာစကားပြော

ထို့နောက် ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီ (Sub-Committee on Trade in Services) အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများအတွင်း ဝန်ဆောင်မှုကုန်သွယ်ရေး (Trade in Services) တွင် အကျုံးဝင်သော ဆောက်လုပ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍနှင့် စီးပွားရေးဝန်ဆောင်မှုကဏ္ဍများရှိ ကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း လျှော့ချသွားနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဒုတိယနေ့

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသော (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ်များသည် အာဆီယံနိုင်ငံများအကြား ဝန်ဆောင်မှုကုန်သွယ်ရေး(Trade in Services) ၌ အကျုံးဝင်သည့် စီးပွားရေးဝန်ဆောင်မှုကဏ္ဍ၊ ဆောက်လုပ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ၊ ရေကြောင်းဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ခရီးသွားဝန်ဆောင်မှုကဏ္ဍနှင့် ပညာရေးဝန်ဆောင်မှုကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြေလျှော့မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆပ်ကော်မတီ အစည်းအဝေးများကျင်းပ၍ စေ့စပ်ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ အစည်းအဝေးကို ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၇-၂၀၀၆

ကိုကိုးကျွန်းမြို့	၉ ဒသမ ၉၆ လက်မ
ခန္တီးမြို့	၇ ဒသမ ၆၈ လက်မ
မောင်တောမြို့	၅ ဒသမ ၆၃ လက်မ
စစ်တွေမြို့	၃ ဒသမ ၉၄ လက်မ
ဝမြို့	၃ ဒသမ ၈၆ လက်မ
သံတွဲမြို့	၃ ဒသမ ၁၅ လက်မ
ကျောက်ဖြူမြို့	၃ ဒသမ ၀၇ လက်မ

ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၅ရက်က အဆိုပါဌာနခန်းမတွင်ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၈၄၀၀၀ နှင့် ဗလာစာအုပ်များ ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်းက လက်ခံရယူစဉ်။ (က-ပ)

ဝံသာနုသတင်းလွှာအတွဲ(၁၃)၊အမှတ်(၁၄)ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၁



မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် သစ်ပင်များ စိုက်ပျိုးနေကြသည့် မြန်မာတိုင်းရင်းသူ အမျိုးသမီးတို့၏ စေတနာပုံရိပ်အလှဖြင့် "ဝံသာနု" သတင်းလွှာ အတွဲ(၁၃)၊အမှတ်(၁၄) ကို ထုတ်ဝေလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

"ဝံသာနု"သတင်းလွှာတွင် ချပ်သင်းဘေးမဲ့တောမှ ရွှေသမင်များကို ပစ်ခတ်ဖမ်းဆီးသူများ၊ မိုးသည်းထန်ပြီး တောင်ကျချောင်းရေ တိုက်စားမှုကြောင့် တံတားများမျောပါပျက်စီး၊ ပလက်ဖောင်းပေါ်က ဆင်ဆာမဲ့ ဗွီစီဒီခွေများ၊ ပင်လယ်ပြင် ငါးဖမ်းစက်လှေပေါ်က သင်ခန်းစာယူဖွယ်ဖြစ်ရပ်၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီး၊ပြည်ပနိုင်ငံများသို့ တရားမဝင် သွားရောက်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများနှင့် အပေါင်းပါများစသော ပြည်တွင်းသတင်းများနှင့် အီရတ်အချုပ်အခြာအာဏာလွှဲပြောင်းရေး ပွဲတင်ရိုက်ခတ်သံများ၊ အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်၊ ထိုင်းနိုင်ငံမြောက်ပိုင်းမှ ရေလွှမ်းမှုအန္တရာယ်၊ New York Times သတင်းစာကြီးအား အမေရိကန်သမ္မတက ခုတုံးလုပ်အသုံးချရန်ကြံရွယ်ခဲ့၊ လူပေါင်း ၁၆၈ဦးကို ဗုံးခွဲသတ်ဖြတ်ခဲ့သည့် တရားခံနီကိုးလ်သေဒဏ်မှ နှစ်ကြိမ်လွတ်မြောက်၊ ထူးထူးခြားခြားဆန္ဒ ဖော်ထုတ်သူများအပါအဝင်၊ ပြည်တွင်း၊ပြည်ပနိုင်ငံရေး၊စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က-ပ)**

ကျေးလက်စိုက်ပျိုးရေးအတွက် အထောက်အကူပြုလျက်ရှိသော ဆည်တာမံစီမံကိန်းများ



ဆွာချောင်းရေလှောင်တမံ

ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင်ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးတို့ကို ဖော်ဆောင်ပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ရာသီဥတု ညီညွတ်မျှတမှုကိုပါ ဖန်တီးပေးနိုင်သည့် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၂၈၀၀ ရှိ ဆွာချောင်းရေလှောင်တမံကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

မုန်းချောင်း ရေလှောင်တမံ

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့ မြောက်ဘက်နှစ်မိုင်အကွာ၌ တည်ဆောက်နေသော မုန်းချောင်းရေလှောင်တမံသည် လယ်မြေဧက ၃၀၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ရေလှောင်တမံဖြစ်သည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးအနီးတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) က တာဝန်ယူ တည်ဆောက်ခဲ့သည့် ခဝါရေလှောင်တမံသည် လယ်မြေဧက ၂၀၀၀ကို စိုက်ပျိုးရေ ပေးဝေလျက် ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ချောင်းပေါ်တွင် တည်ဆောက်ထားသော ရေနက်ကွင်းဧက၂၂၀၀၀အတွက်အကျိုးပြုမည့် အကျယ် ခြောက်ပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်ရေတံခါး ၂၇ ပေါက်ဖြင့် ဆောက်လုပ်ထားသည့် ကျုံထော်ရေထိန်းတံခါးကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)



ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

တွေ့ဆုံပွဲတွင် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်က နောင်ချိုမြို့နယ်၏စိုက်ပျိုးမြေဧက၊ မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးအခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာဌာနတာဝန်ခံများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သီပေါမြို့တွင် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ ကွန်ပျူတာနှင့်သင်ထောက်ကူပစ္စည်းများ၊ ဗလာစာအုပ်များပေးအပ်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ကလိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး မိမိဦးဆောင်၍ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သောအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ဒေသအသီးသီးသို့ လှည့်လည်သွားရောက်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ကြည့်ရှုစစ်ဆေးပေးနိုင်ရန် နောင်ချိုမြို့သို့ ဦးစွာရောက်ရှိလာခြင်းဖြစ်ကြောင်း။

လမ်းကြောင်းသစ်တစ်ခုထပ်မံရရှိ

နောင်ချိုမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးမှာ ချောမွေ့ကောင်းမွန်လျက်ရှိကြောင်း၊ နောင်ချို-တောင်ရှည်-တောင်ခါးလမ်းသစ်ကို ဖောက်လုပ်လျက်ရှိရာ ပြီးစီးပါက ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို ဆက်သွယ်နိုင်မည့် လမ်းကြောင်းသစ်တစ်ခု ထပ်မံရရှိအသုံးပြုသွားနိုင်မှာဖြစ်ကြောင်း။

နောင်ချိုဒေသသည် စိုက်ပျိုးရေးလုပ်ငန်းကောင်းမွန်ပြီး ဒေသဝမ်းစာဖူလုံလျက်ရှိသည့် ဒေသဖြစ်ကြောင်း၊ နှစ်ရှည်ပင်များတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ယခုထက်ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် နောင်ချိုမြို့နယ်အပါအဝင် ပြည်နယ်၊ တိုင်းဒေသအသီးသီး အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လက်တွေ့တွေ့မြင်ခံစား

ယင်းချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းများကို ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်သဖြင့် ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အားလုံး လက်တွေ့တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း။

တိုတောင်းသော နှစ်ကာလအတွင်းမှာပင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည်ထောင်စုကြီး၏နယ်မြေဒေသအနှံ့အပြား၌ ပြည့်ပြည့်စုံစုံရာနှုန်းပြည့်နီးပါးခန့် တည်ဆောက်ပေးထားပြီးလည်းဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများကို အပြည့်အဝအသုံးချပြီး ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆက်လက်အရှိန် အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် အရေးကြီးကြောင်း။

လက်တွဲပူးပေါင်းဆောင်ရွက်

ယခုအခါနိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်အောင်မြင်မြင် ကျင်းပလျက်လည်းရှိကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပရေး အပါအဝင် နိုင်ငံတော်၏ နိုင်ငံရေးအစီအစဉ်များကို အဆင့်လိုက်စနစ်တကျ ဆက်လက်အကောင်အထည်ဖော်သွားရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် တစည်းတလုံး တစ်သားတည်း ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် သင်ထောက်ကူ စာသင်ခန်းများအတွက် ကွန်ပျူတာတစ်စုံ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များ၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ္မတူမြို့တွင် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ ကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် တီဗွီ၊ ဗလာစာအုပ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျောင်းဝတ်စုံပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူစာသင်ခန်းများအတွက် ကွန်ပျူတာနှင့် ဗလာစာအုပ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဆေးပစ္စည်းများကို တာဝန်ရှိသူများအားပေးအပ်သည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် နောင်ချိုမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး Computer Skills Room, Projected Media Room, Computer Aided Instruction Room, Audio Room, Language Lab Room, Display Media Room တို့ကို လှည့်လှည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျောင်းသားကျောင်းသူလေးများက ဂီတရသအနုပညာတို့ဖြင့်တင်ဆက်ကြရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဝက်ဝံ- တောင်ခမ်းလမ်းဖောက်လုပ်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဝက်ဝံ-တောင်ခမ်းလမ်း

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဝက်ဝံ-တောင်ခမ်းလမ်းဖောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းကို ဆက်သွယ်ပေးမည့်လမ်းကြောင်းသစ်ထပ်မံရရှိ ဒေသဝမ်းစာဖူလုံ၊ နှစ်ရှည်ပင်စိုက်ပျိုး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် တောင်ခမ်းဒေသသို့ မန္တလေး-လားရှိုးလမ်းမကြီးပေါ်ရှိ ဝက်ဝံကျေးရွာမှအနီးဆုံးနှင့် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်ဒေသတာဝန်ခံများ၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ဖောက်လုပ်နေခြင်းဖြစ်သည်။

လက်ရှိဝက်ဝံ-နောင်ချို-တောင်ခမ်းလမ်းမှာ ၄၃မိုင်ရှိသည်။ ယခုဖောက်လုပ်လျက်ရှိသည့် ဝက်ဝံ-တောင်ခမ်းလမ်းသစ်မှာ မိုင် ၂၀ နှစ်ဖာလုံရှိမည်ဖြစ်ရာ လက်ရှိလမ်းထက် ၂၂မိုင် ခြောက်ဖာလုံ ခရီးတိုသွားစေမည့် လမ်းသစ်ဖြစ်သည်။

ဝက်ဝံ-တောင်ခမ်းလမ်းကို ပေ၄၀အကျယ် မြေသားလမ်းအဖြစ် ရှေးဦးစွာ ဖောက်လုပ်သွားမည်ဖြစ်ပြီး ၁၈ပေအကျယ် ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်သွားမည် ဖြစ်ကြောင်းသိရှိရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် ကျောက်မဲမြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူးဗိုလ်မှူးကြီးအောင်မင်းနှင့်ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲခရိုင်နှင့်ကျောက်မဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ကျောက်မဲခရိုင်အတွင်း တိုင်းရင်းသားလူမျိုးများစုစည်းနေထိုင်မှု၊ ခရိုင်၏ အကျယ်အဝန်းနှင့် စိုက်ပျိုးမြေဧက၊ဒေသဝမ်းစာဖူလုံမှု၊ မြေလွတ်မြေရိုင်းဖော်ထုတ်မှုနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများ၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောက်မဲမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ခရိုင်မှတာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနအကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းပေးသင့်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ရှမ်းပြည်နယ်အပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာသည့်အခြေအနေများနှင့် နိုင်ငံတော် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့် တညီတညွတ်တည်း ပူးပေါင်းအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ဆက်စပ်ရှင်းလင်း ပြောကြားသည်။

အမှတ်တရလက်ဆောင်ပစ္စည်းပေး

ထို့နောက် အတွင်းရေးမှူး(၁)သည် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးကျော်ရင်အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ဆက်လက်၍ ကျောက်မဲမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူခန်းများအတွက် ကွန်ပျူတာများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များ၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများကို အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တာဝန်ရှိသူများအား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇူလိုင်၃ ရက် နံနက် ၆နာရီတွင် ကျောက်မဲမြို့တပ်နယ်အစည်းအဝေးခန်းမ၌ ကျောက်မဲ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ စစ်သည်မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ့်ပေါင်တွင် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးဂုံခေးအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။
(သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီတွင် ရဟတ်ယာဉ်ဖြင့် ကျောက်မဲမြို့မှ သီပေါမြို့နယ် နမ့်လန်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးခင်ဇော်၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုကြသည်။

နမ့်လန်တိုက်နယ်ဆေးရုံ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်လန်တိုက်နယ်ဆေးရုံသို့ သွားရောက်ကြပြီး ဆေးကုသဆောင်၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ခန်းနှင့် သံဃာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်လန် အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးအေးကိုနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ နမ့်လန်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နမ့်လန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းသိန်းဝင်းက နမ့်လန်ဒေသနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဦးအေးကိုက နမ့်လန်အခြေခံပညာအထက်တန်းကျောင်းခွဲ၏ ကျောင်းဆောင်လိုအပ်ချက်ကို လည်းကောင်း၊ နမ့်လန်တိုက်နယ်ဆေးရုံ ဆရာဝန်ဒေါက်တာရွှေညာဏ်က တိုက်နယ်ဆေးရုံသို့ ပြည်သူများ လာရောက် ဆေးကုသမှုနှင့် တိုက်နယ်ဆေးရုံ၏ လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စီစဉ်ဆောင်ရွက်ပေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခဲအန်ခဲဆင်နှင့် ပန်မိတ်ကျေးရွာများ၌ မူလတန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ နမ့်လန်၌ သောက်သုံးရေ ရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက စက်ရေတွင်း တူးဖော်ပေးရေး၊ နမ့်လန်-သောင်ကြီး-ပန်မိတ်ငါးမိုင်ရှိ ကားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရေး၊ နမ့်လန်၌ လက်ရှိအသုံးပြုလျက်ရှိသည့် လက်လှည့်တယ်လီဖုန်းစနစ်မှ ဆက်သွယ်မှု ပိုမိုကောင်းမွန်သည့် တယ်လီဖုန်းစနစ်ကို ပြောင်းလဲအသုံးပြုနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများတိုးမြှင့်ခန့်ထားရေး၊ အထက်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရေး၊ တိုက်နယ်ဆေးရုံ၌ တိုးချဲ့ဆောင်ဆောက်လုပ်ရေး၊ ဓာတ်မှန်နှင့်လိုအပ်သည့် ပံ့ပိုးပစ္စည်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိနှင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သောအဖွဲ့ နမ့်လန်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့်မှ တာဝန်ရှိသူအဆင့်ဆင့်သည် နိုင်ငံတော်၏ နယ်စပ်၊ နယ်စွန်၊ နယ်ဖျားဒေသများအပါအဝင် ဒေသအသီးသီးသို့ ယခုကဲ့သို့ လှည့်လည်သွားရောက်ပြီး ဒေသအသီးသီး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုမှန်ကန်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများက ကြိုးကြိုးစားစား ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပြည်သူများနှင့်လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုရယူနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်၏ ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကိုလည်းအားလုံးမျက်မြင် သိရှိနေကြရပြီဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

ဆေးပစ္စည်း ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ့်လန် တိုက်နယ်ဆေးရုံအတွက် မတည်လှူဒါန်းငွေနှင့် ဆေးပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နောင်ချိုမြို့ မြို့နယ်ခန်းမတွင် နောင်ချိုမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မြို့မိ မြို့ဖများအားတွေ့ဆုံ အမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဝက်ဝံ-တောင်ခမ်းလမ်း ဖောက်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

12-7 (09).p65 2 03/24/1905, 7:26 PM

ပြည်ပမှ ဖိအားပေးမှုအပေါ် အားကိုးပြုလျက် ဒီမိုကရေစီဖော်ဆောင်ရေး မျှော်တွေး၍မရပါ

နိုင်ငံတော်အစိုးရက နိုင်ငံတော် ရှေ့ဆက်သွားမည့် ဒီမိုကရေစီ ဖော်ဆောင်ရေးမူဝါဒလမ်းစဉ်(၇)ရပ်ကို ကြေညာချိန်မှစပြီး ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ အစရှိတဲ့ အနောက်အုပ်စုအသံလွှင့်ဌာနတွေက အသံလွှင့်တာတွေကို ဖွင့်နားထောင်လိုက်တိုင်း မြန်မာနိုင်ငံအစိုးရကို စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုတွေ တိုးမြှင့်ပေးဖို့ အနောက်အုပ်စုနိုင်ငံတွေကို တောင်းဆို တိုက်တွန်းရုံမက အာဆီယံနိုင်ငံတွေကိုပါ အနောက်အုပ်စုလမ်းစဉ်အတိုင်း မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့ တိုက်တွန်းတောင်းဆိုမှုတွေ နားမဆံ့နိုင်အောင် ကြားနေရပါတယ်။

စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုရဲ့ ရည်ရွယ်ချက်ဟာ စီးပွားရေးပိတ်ဆို့ဖိအားပေးခံရတဲ့ တိုင်းပြည်မှာ စီးပွားရေးတွေ ဆုတ်ယုတ်ကျဆင်းလျက် ပြည်သူတွေ ဆင်းရဲကျပ်တည်း ငတ်မွတ်ခေါင်းပါးပြီး တည်ဆဲအစိုးရကို မကျေမနပ်ဖြစ်ကာ လူထုဆူပူအုံကြွမှုတွေ ဖြစ်ပေါ်စေကာ တည်ဆဲအစိုးရ ပြုတ်ကျရေးနဲ့ တည်ဆဲအစိုးရကို ဆန့်ကျင်သူတွေ အာဏာရရှိစေရေးသာ ဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတာ စီးပွားရေး၊ နိုင်ငံရေး၊ လူ့အခွင့်အရေးတွေ တိုးတက်ဖြစ်ပေါ်ရေး၊ တစ်နည်းအားဖြင့် ကုန်လုပ်ဆက်ဆံရေးတွေ တိုးတက်ဖြစ်ပေါ်ရေး ဖြစ်ပါတယ်။

ဒီတော့ တိုင်းပြည်တစ်ပြည်မှာ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ဖို့ဆိုလျှင် ပထမ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးမှုရှိအောင် လုပ်ရမယ်။ တစ်ဆက်တည်းမှာပဲ တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုဖြင့် ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်။

ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီဆိုတာ တိုင်းပြည်ရဲ့ စီးပွားရေး ခေတ်မီတိုးတက်မှုကြောင့် တိုးတက်လာတဲ့ ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ထွန်းတိုးတက်လာမှုနဲ့အညီ လိုက်လျောညီထွေ ဖြစ်ပေါ်တိုးတက်လာတဲ့ ကုန်လုပ်ဆက်ဆံရေး တိုးတက်မှု (အကျိုးသက်ရောက်မှု)ရလဒ် ဖြစ်ပါတယ်။

ဒါကြောင့် ကုန်လုပ်စွမ်းအားစုတွေနဲ့ ကုန်လုပ်ဆက်ဆံရေးတို့ချင်း အပြန်အလှန်ဆက်ဆံရာမှာ ကမ္ဘာပေါ်တွင် ဘယ်တန်ခိုးအင်အားကမှ တားမရနိုင်တဲ့ တရားတစ်ခုရှိပါတယ်။ အဲဒါကတော့ "ကုန်လုပ်ဆက်ဆံရေး (ဒီမိုကရေစီ-စာရေးသူ)တွေဟာ ကုန်လုပ်စွမ်းအားစုတွေရဲ့ အဆင့်နဲ့ လိုက်လျောညီထွေ လိုက်၍ဖြစ်ရတယ်"လို့ လူမှုသိပ္ပံတရားက ဆိုညွှန်းပါတယ်။

ကမ္ဘာ့သမိုင်းကို လေ့လာကြည့်လျှင် "ကျောက်လက်နက် ကုန်လုပ်စွမ်းအားစုများဟာ ရှေးဟောင်းဆွေမျိုးစု လယ်သမားကွန်မြူန်းစနစ်"ကို ဖန်တီးဖြစ်ပေါ်စေခဲ့ပါတယ်။

လက်မှု ကုန်လုပ်ကိရိယာတွေနဲ့ လူ့ကြွက်သား၊ တိရစ္ဆာန်ကြွက်သား စွမ်းအားတွေဖြင့် မိမိကိုယ်ပိုင်စားသုံးရေးအတွက်ရည်ရွယ်ပြီး မိသားစုအတွင်း အလုပ်တာဝန် ခွဲဝေကုန်ထုတ်လုပ်တဲ့ ပဒေသရာဇ် ကုန်လုပ်စွမ်းအားစုတွေဟာ "သက်ဦးဆံပိုင်ဧကရာဇ်(အာဏာရှင်)စနစ်"ကို ဖန်တီးဖြစ်ပေါ်စေခဲ့ပါတယ်။

နှောင်းခေတ် စက်မှုကုန်လုပ်ကိရိယာတွေကိုကိုင်စွဲပြီး တစ်မျိုးသားလုံးအတွင်း အလုပ်တာဝန်ခွဲဝေကာ ရောင်းကုန်ထုတ်လုပ်ရေးကို ထုတ်လုပ်ခဲ့တဲ့ "ဈေးကွက်စီးပွားရေး (အရင်းရှင်ကုန်ထုတ်လုပ်ရေး) ကုန်လုပ်စွမ်းအားစုတွေဟာ ပါလီမန်ဒီမိုကရေစီစနစ် (ပါတီစုံဒီမိုကရေစီစနစ်)"ကို ဖန်တီးဖြစ်ပေါ်စေခဲ့ပါတယ်။

ဒီတော့ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးဆိုပြီး စစ်ရေးအရ အကြမ်းဖက်တိုက်ခိုက်မှုမျိုးတွေ၊ စီးပွားရေးအရပိတ်ဆို့ဒဏ်ခတ်မှုမျိုးတွေ (ဒါဟာစီးပွားရေးအကြမ်းဖက်မှုဖြစ်တယ်)၊ နိုင်ငံရေးအရ အထီးကျန်ဖြစ်အောင် ဝိုင်းပယ်ရေးလုပ်ဆောင်ချက် (ဒါဟာ နိုင်ငံရေးအကြမ်းဖက်မှုဖြစ်တယ်)ဟာ သက်ဆိုင်ရာတိုင်းပြည် တွေရဲ့ စီးပွားရေးကို ကျဆင်းဆုတ်ယုတ်စေပြီး ကုန်လုပ်စွမ်းအားစုတွေ ကျဆင်းကြေပျက်စေမှုကို ဖြစ်စေတဲ့လုပ်ရပ်တွေဖြစ်တဲ့အတွက် ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေး သဘာဝတရားကို ဆန့်ကျင်တဲ့လုပ်ရပ်၊ တစ်နည်းအားဖြင့် ဒီမိုကရေစီနဲ့ ဆန့်ကျင်တဲ့ "မင်းမဲ့ဝါဒနဲ့ အာဏာရှင်စနစ်"သို့ ဦးတည်ဆိုက်ရောက်စေမည့် လုပ်ဆောင်ချက်တွေသာ ဖြစ်ပါတယ်။

ဥပမာ-ပဒေသရာဇ် လူ့အဖွဲ့အစည်းထဲမှာ ပဋိသန္ဓေတည်ပြီး တိုးတက်ကြီးထွားလာတဲ့ အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေကြောင့် အင်္ဂလန်၊ အမေရိကန်နိုင်ငံတွေမှာ ပဒေသရာဇ်စနစ်ဖျက်သိမ်းပြီး ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင် ထူထောင်နိုင်ခဲ့ပါတယ်။

ပထမကမ္ဘာစစ်အပြီး စစ်နိုင်တဲ့တိုင်းပြည်တွေဟာ စစ်ရှုံးတဲ့တိုင်းပြည်တွေကို နောက်တစ်ကြိမ် ၎င်းတို့ကို အန်တုဖက်ပြိုင်မှုမလုပ်နိုင်အောင် စစ်လျော်ကြေးတွေ ဖိတောင်းခြင်းဖြင့် စီးပွားရေးတွေ ကျဆင်းချည့်နဲ့သွားအောင် စီးပွားရေးနဲ့ ဖိအားပေးမှုတွေလုပ်ခဲ့တာဟာ ကမ္ဘာ့စစ်ကြောင့် ကျဆုံးကြေပျက်နေတဲ့ ကုန်လုပ်စွမ်းအားစုတွေကို နူရာဝဲစွဲလဲရာသူခိုးထောင်း ဖြစ်စေခဲ့တာကြောင့် ဟစ်တလာ၊ မူဆိုလိုနီတို့ ခေါင်းဆောင်လျက် နာဇီဝါဒ၊ ဖက်ဆစ်ဝါဒ (အာဏာရှင်စနစ်)ကို ဖော်ဆောင်စေခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးကို ထပ်မံဖြစ်စေခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကမ္ဘာ့ကုန်လုပ်စွမ်းအားစုတွေ ကျဆင်းကြေပျက်ကုန်ခဲ့ရမှုဟာ အရင်းရှင်စနစ်ဖျက်သိမ်းရေး၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဆိုတဲ့ စိတ်ကူးယဉ်လက်ဝဲအချောင်သမား ဆိုရှယ်လစ်ဝါဒကမ္ဘာကြီးကို လွှမ်းမိုးခေတ်စားစေခဲ့ကာ အရှေ့ဥရောပဒီမိုကရေစီနိုင်ငံတွေဟာ ခေတ်ဟောင်း ဆိုရှယ်လစ်(တစ်ပါတီအာဏာရှင်စနစ်)တိုင်းပြည်တွေအဖြစ်သို့ ဆိုက်ရောက် စေခဲ့ပါတယ်။ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကတို့မှာလဲ ဆိုရှယ်လစ် စနစ်တည်ဆောက်ရေး သူပုန်ထမှုတွေ မှိုလိုပေါက်ခဲ့ရတယ်။

နာဇီဝါဒ၊ ဖက်ဆစ်ဝါဒ(အာဏာရှင်စနစ်) လွှမ်းမိုးခဲ့တဲ့ ဂျာမနီ၊ အီတလီ၊ ဂျပန်အစရှိတဲ့ စစ်ရှုံးနိုင်ငံတွေဟာ ဒုတိယကမ္ဘာစစ်အပြီးမှာတော့ ပထမကမ္ဘာစစ်အပြီးနဲ့ သဘောထားဆန့်ကျင်ပြီး မာရှယ်စီမံကိန်းဖြင့် စီးပွားရေးအကူအညီတွေပေးမှုကြောင့် အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ တိုးတက်လာခဲ့တာနဲ့အညီ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အုပ်စိုးသူအစိုးရတွေကိုယ်တိုင် ရှေ့ဆောင်ရှေ့ရွက်ပြု ကူးပြောင်းနိုင်ခဲ့ကြတယ်။

ဒါတွေကတော့ ကုန်လုပ်စွမ်းအားစုတွေ တိုးတက်မှု၊ ဆုတ်ယုတ်မှုနဲ့လိုက်ပြီး ကုန်လုပ်ဆက်ဆံရေးတွေ ဘယ်လိုပြောင်းလဲခဲ့တယ်ဆိုတဲ့ ကမ္ဘာ့သမိုင်းသင်ခန်းစာတွေ ဖြစ်ပါတယ်။

မျက်မှောက်ကာလ ကမ္ဘာ့သမိုင်းသင်ခန်းစာကို လေ့လာကြည့်ရင် အမေရိကန်အစိုးရဟာ ကျူးဘားမှ ကတ်စထရိုအစိုးရ ပြုတ်ကျရေးအတွက် စီးပွားရေး ပိတ်ဆို့ဖိအားပေးခဲ့တာ နှစ်ပေါင်း ၄၀ ကျော် ကြာခဲ့သော်လည်း ယနေ့ထက်တိုင် မအောင်မြင်ခဲ့ပါ။

အီရတ်မှ ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်ကျရေးအတွက် စီးပွားရေးပိတ်ဆို့ဖိအားပေးမှုတွေ လုပ်ခဲ့သော်လဲ ပြုတ်မကျနိုင်တဲ့အတွက် စစ်ရေးအရ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ပြီး မိမိသြဇာနာခံမယ့် အစိုးရအဖွဲ့ကို ဒီမိုကရေစီအစိုးရအဖြစ် ရုပ်ဆောင်စေဖို့ကြိုးစားမှုဟာ အီရတ်ပြည်သူတွေရဲ့ တုံ့ပြန်ဆန့်ကျင်နေမှုကြောင့် ထွေးရခက်၊ မျိုရခက်ဘဝသို့ ဆိုက်ရောက်နေခဲ့ရပါတယ်။

မြန်မာနိုင်ငံသမိုင်းကို လေ့လာကြည့်ရင် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရခဲ့ပြီး ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာမှုဟာ မြန်မာ့ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်လာမှုကြောင့် မဟုတ်ဘဲ အင်္ဂလိပ်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ်ကို ပုံတူကူးထည့်ပေးလိုက်တဲ့ဖြစ်ရပ်၊ တစ်နည်းအားဖြင့် ဒီမိုကရေစီပျိုးပင်လေးကို ထည့်ပေးလိုက်တဲ့သဘော ဖြစ်ပါတယ်။

သို့သော် ကိုလိုနီအုပ်စိုးမှု၊ ဒုတိယကမ္ဘာစစ်နဲ့ ဖက်ဆစ်စနစ် အုပ်စိုးမှုတို့ကြောင့် ကုန်လုပ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ကျဆင်းကြေပျက်နေမှုဟာ ရရှိလာတဲ့ လွတ်လပ်ရေးကို အမှန်အတိုင်း မြင်နိုင်စွမ်းမရှိတဲ့အတွက် ပါရှိလာတဲ့ ဒီမိုကရေစီပျိုးပင်ကလေးကို အမျိုးသားစည်းလုံးညီညွတ်မှုဖြင့်လည်းကောင်း၊ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ခြင်းဖြင့်လည်းကောင်း ဝိုင်းဝန်းပြုစုရမည့်အစား သပိတ်အစုံ သူပုန်ထရေးလမ်းစဉ်ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ကြတဲ့အတွက် ကုန်လုပ်စွမ်းအားစုတွေ ပိုမိုကြေပျက်သွားကာ

ကျော်မြင့်နိုင်

ဖဆပလအစိုးရ ဖော်ဆောင်လိုသော ဒီမိုကရေစီပျိုးပင်လေးဟာ သေကျေပျက်စီးသွားပြီး ဗဟိုချုပ်ကိုင်စီးပွားရေးနဲ့ တစ်ပါတီ အုပ်ချုပ်ရေးစနစ်ကို ဦးတည်ချက် ပြောင်းသွားစေခဲ့ပါတယ်။

အကယ်၍သာ အဲဒီကာလကရရှိလာတဲ့ လွတ်လပ်ရေးကို ထိန်းသိမ်း၊ ရရှိလာတဲ့ ဒီမိုကရေစီပျိုးပင်လေးကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ အရင်းရှင်ဈေးကွက်စီးပွားရေးနဲ့ မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးခဲ့ကြမယ်ဆိုလျှင် မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးချင်းတိုင်းပြည်တွေနဲ့ တန်းတူ ခေတ်မီဖွံ့ဖြိုးတိုးတက်နေမှာမလွဲပါ။

တည်ဆဲ တပ်မတော်အစိုးရဟာ ၁၉၈၈ မင်းမဲ့ဝါဒ အခြေအနေဆိုးတွေကြောင့် နိုင်ငံတော်အာဏာကို ရယူပြီးတာနဲ့တစ်ပြိုင်နက် ဗဟိုချုပ်ကိုင်စီးပွားရေးစနစ်နဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကိုဖျက်သိမ်းပြီး ပြည်သူ့လိုလားချက်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ချမှတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကို ချမှတ်ပြီး မြေယာစိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံဖြစ်ပေါ်လာရေးအတွက် မြေယာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ ဆည်မြောင်းတာတမံတွေ၊ ရေလှောင်ကန်တွေ၊ အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့တာတွေ၊ စက်မှုဇုန်တွေ ထူထောင်ဖွင့်လှစ်ခဲ့တာတွေ စတဲ့ စီးပွားရေးထူထောင် တည်ဆောက်နေတာတွေဟာ ဒီမိုကရေစီရဲ့ ရုပ်အခြေခံတွေဖြစ်တဲ့ ကုန်လုပ်စွမ်းအားစုတွေ(အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ) ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ဖန်တီးမှု ဖြစ်ပါတယ်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု ရရှိလာတာနဲ့တစ်ပြိုင်နက် ရွေးကောက်ပွဲ ကျင်းပပေးခဲ့တာ ၁၉၉၃ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံ ကျင်းပပေးခဲ့တာတွေဟာ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးအတွက် မရှိမဖြစ်၊ မပါမပြီးလိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊ နိုင်ငံရေးဒီမိုကရေစီ(ပါလီမန်ဒီမိုကရေစီ) အတွက် လိုအပ်မှုတွေကို ဖော်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲအပြီး ၁/၉၀ ထုတ်ပြန်ကြေညာချက်နဲ့ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံဟာ ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု အကောင်အထည်ဖော်ဖို့ ကြိုးပမ်းမှုတွေ ဖြစ်ပါတယ်။

တစ်ပါတည်းမှာ ဒီဆောင်ရွက်ချက်တွေဟာ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးနဲ့ တပ်မတော်ကို အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းတွင် ပါဝင်ရေးကို အခြေခံတဲ့ အမျိုးသားပြန်လည်ညီညွတ်ရေးအတွက် ကြိုးပမ်းမှုလဲဖြစ်ပါတယ်။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းတွင် တပ်မတော်က အစုစပ်ပါဝင်ရေးကို လက်မခံနိုင်ဘဲ တပ်မတော်ကို ချက်ချင်းလက်ငင်း စစ်တန်းလျားပြန်ရေး သဘောထားကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တည်ဆဲအစိုးရတို့ ညီညွတ်ရေးကို တည်ဆောက်လို့ မရနိုင်သေးဘဲ ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်နိုင်ခဲ့ခြင်း ဖြစ်ခဲ့ရပါတယ်။

အမှန်ကတော့ ၁၉၈၈ခုနှစ်မှ ယနေ့အထိ တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကြိုးပမ်းထူထောင်မှုတွေဟာ တစ်နေ့ကို ရွှေဥတစ်လုံး တစ်လုံးဥပေးနေတဲ့ ငန်းတစ်ကောင်လို ဒီမိုကရေစီရွှေဥကို ဥပေးနေတာဖြစ်တယ်။ ဒါကြောင့် တပ်မတော်အစိုးရကို လူထုတိုက်ပွဲနဲ့ အပြုတ်တိုက်အနိုင်ယူပြီး အာဏာရယူရေး ကြိုးပမ်းမှုဖြစ်တဲ့ စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုတွေဟာ ရွှေဥ ဥပေးနေတဲ့ ငန်းကိုသတ်ပြီး ရွှေဥယူဖို့လုပ်ဆောင်နေတဲ့ မိုက်မဲမှုမျိုးသာ ဖြစ်ပါတယ်။

ဒါကြောင့် စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဖြင့် ဒီမိုကရေစီမျှော်ကိုး၍ မရနိုင်ပါ။

၁၉၄၈မှ ယနေ့ကာလအထိ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအစဉ်ကို လေ့လာသုံးသပ်ကြည့်လျှင် ဖဆပလအပြုတ်တိုက်ရေး၊ သပိတ်အစုံ သူပုန်ထရေး လမ်းစဉ်ကြောင့် ရောင်စုံသူပုန်ထမှုကြီး ဖြစ်ပေါ်လာခဲ့တာ၊ ၁၉၄၈ခုနှစ် ရွေးကောက်ပွဲဖြင့် ပေါ်ထွန်းလာခဲ့တဲ့ ဖဆပလအစိုးရခေါင်းဆောင်ခဲ့တဲ့ ပါလီမန်ဒီမိုကရေစီဟာ ၁၄ နှစ်အတွင်း ကျဆုံးသွားခဲ့ရတာ၊ ၁၉၄၉-၁၉၅၈ တို့တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်က နိုင်ငံရေးဦးဆောင်မှုအခန်းမှာ ပါဝင်ပူးပေါင်းတာဝန်ယူခဲ့ရတာ၊ ၁၉၆၂ခုနှစ်မှာ ဖဆပလအစိုးရအတွင်း အစိတ်စိတ်အမြွှာမြွှာကွဲပျက်မှုကို ချက်ကောင်းယူပြီး ပြည်ထောင်စုထဲမှ ခွဲထွက်ကာ ဆီးတိုးအုပ်စုနဲ့ပေါင်းရေး ကြံစည်မှုကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အာဏာကို တပ်မတော်ကရယူခဲ့ရတာ၊ ၁၉၈၈ ကာလတုန်းက တည်ဆဲအစိုးရက သုံးလအတွင်း ရွေးကောက်ပွဲလုပ်ပေးမယ်၊ အနိုင်ရတဲ့ပါတီကို အာဏာလွှဲပေးမယ်ဆိုပြီး ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးကို တံခါးဖွင့်ကမ်းလှမ်းခဲ့ပါလျက် ကြားဖြတ်အစိုးရဖွဲ့ပေးရေးနဲ့ ဆန့်ကျင်ငြင်းဆန်ခဲ့တာ၊ ၁၉၉၀ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပပေးပြီး ၁/၉၀ ထုတ်ပြန်ကြေညာချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ဆန့်ကျင်ငြင်းဆန်ခဲ့တာ၊ ၁၉၉၃ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကျင်းပပေးခဲ့ပါလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ်တွေ နုတ်ထွက်သွားလို့ ညီလာခံအပြီးမသတ်ဘဲ ရပ်ဆိုင်းသွားခဲ့ရတာ စတဲ့ဖြစ်ရပ်တွေကြောင့် မြန်မာနိုင်ငံမှာ ပါလီမန်ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်လာရေးအတွက် ကမ္ဘ(ဒီမိုကရေစီအတွက် လိုအပ်တဲ့ ရုပ်အခြေခံ ကုန်လုပ်စွမ်းအားစု) အခြေခံရုပ်ဘဝနဲ့ ကတ္တား (ပါလီမန်ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို မှန်ကန်စွာ ခေါင်းဆောင်မှုပေးနိုင်တဲ့) နိုင်ငံရေးပါတီ မရှိသေးကြောင်းကို ဖော်ပြတဲ့ ဒိဋ္ဌသက်သေတွေ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံ ဒီမိုကရေစီအတွက် (ကမ္ဘ၊ ကတ္တား) အခြေအနေတွေ ဖြစ်ပေါ်တိုးတက်လာရေး ယနေ့အခြေအနေမျိုးမှာ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေ မဟာမိတ်ဖွဲ့လက်တွဲပူးပေါင်းပြီး ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်အောင် လုပ်ဆောင်ရမယ့်ကာလဖြစ်ပါတယ်။

သို့အတွက် ယနေ့မြန်မာနိုင်ငံမှာ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးကို အမှန်တကယ်လိုလားသူတိုင်း၊ ပါတီတိုင်း၊ နိုင်ငံရေးသမားတိုင်းဟာ-

(၁) **တည်ဆဲအစိုးရဟာ အသွင်ဘယ်အခြေအနေမှာပဲရှိနေနေ ကုန်လုပ်စွမ်းအားစုတွေကို ကျဆင်းစေမည့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှု၊ စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့ဖိအားပေးမှုမျိုးတွေမှ လုံးဝရှောင်ရှားပြီး တည်ဆဲအစိုးရရဲ့ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်တွေမှာ ပူးပေါင်းဆောင်ရွက်ရင်း (ဒါဟာ ဒီမိုကရေစီအတွက် လိုအပ်တဲ့ ကမ္ဘဖြစ်တဲ့ ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်ရေး ဖြစ်တယ်) တူညီသေးတာတွေကို ရိုးသားယဉ်ကျေးပြီး ယုတ္တိတန်တဲ့ ဝေဖန်အကြံပေးမှုတွေဖြင့် မဟာမိတ်သဘောထားနဲ့ ဆက်ဆံဆောင်ရွက်သွားရန်၊**

(၂) **အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်ပါဝင်ရေးကို လက်ခံတဲ့ အခြေခံသဘောထားဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်၊**

(၃) **အမျိုးသားညီလာခံအောင်မြင်ရေးနှင့် နိုင်ငံတော်က ရှေ့ဆက်သွားမည့် ဒီမိုကရေစီဖော်ဆောင်ရေး မူဝါဒလမ်းစဉ်(၇)ရပ် (Road Map)ကို အကောင်အထည်ပေါ်အောင် ပူးပေါင်းလုပ်ဆောင်သွားရန်**

တို့ဟာ စည်းကမ်းပြည့်ဝပြီး တည်တံ့ခိုင်မြဲသော ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာရေးအတွက် အခြားမရှိသော ဒီမိုကရေစီ ဖော်ဆောင်ရေးလမ်း ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

ထာဝရပန်းဒါန အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၁

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီက ဆောင်ရွက်လျက်ရှိသော ထာဝရဒါနအရိပ်အလှူ၊ ပန်းအလှူပွဲတော်ကြီးအတွက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ထာဝရပန်းဒါန အလှူတော်ငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရွှေတိဂုံစေတီတော်ရှင်ဥပ္ပဂုတ္တကန်တော့ဥယျာဉ်ရှင်းလင်းဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး ဦးဆောင်သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက အလှူတော်ငွေများကို ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က ထာဝရပန်းအလှူ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးဦးဆောင်သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်(၄)ခရိုင်တို့မှ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တစ်ဦးချင်းအလှူရှင်များက ပန်းအလှပင်များနှင့်အရိပ်ရပင် ၂၈၄၉ ပင်အတွက် အလှူငွေကျပ် ၆၅၁၉၀၀ ကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူနှင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်ဦးခင်မောင်မြင့်တို့က လက်ခံရယူသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နမ့်လန် အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အတွက် ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာဆရာမများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ တိုက်နယ်ဆေးရုံအတွက် မတည်လှူဒါန်းငွေနှင့် ဆေးပစ္စည်း များကို တိုက်နယ်ဆရာဝန်အား ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းရီအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)အား ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းရီနှင့် နမ့်လန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းသိန်းဝင်းတို့က လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ် ကြသည်။

ထို့နောက်အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့်အဖွဲ့ ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တိုင်းရင်းသားခေါင်းဆောင်များကြိုဆို

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် သီပေါ မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များက ကြိုဆိုကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်က မြို့နယ်အတွင်း တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်မှု၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိရှိလိုသည် များကို မေးမြန်းပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည်များကို ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံ တော်ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ဒေသခံတိုင်းရင်းသားခေါင်းဆောင်ဦးစိုင်းနောင့်အား အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်သည်။

ဆက်လက်၍ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကို မြို့နယ် ပညာရေးမှူး ဒေါ်သောင်းသောင်းအား လည်းကောင်း၊ ကွန်ပျူတာနှင့် သင် ထောက်ကူပစ္စည်းများကို အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်အင်န်ဂျီးတောင်အား လည်းကောင်း၊ ဗလာစာအုပ်များကို အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယိမ်း ဆောင်အား လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများကို ခရိုင်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီးဒေါက်တာလှမြင့်အား လည်းကောင်းပေး အပ်သည်။

ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

နမ္မတူမြို့

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ၁နာရီခွဲတွင် ရဟတ်ယာဉ် ဖြင့် နမ္မတူမြို့သို့ရောက်ရှိကြရာ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးဝင်းရှိန် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နမ္မတူမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေထွန်းက နမ္မတူမြို့နယ် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက် သွယ်ရေး၊ အော်တိုတယ်လီဖုန်းရရှိရေးစသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ နမ္မတူမြို့နယ် မန်တုံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးသိန်းဆွေက မန်တုံမြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို လည်းကောင်း၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းက မန်တုံ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို လည်း ကောင်း ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးသင့်သည်များကို ညှိနှိုင်းစီစဉ်ဆောင် ရွက်ပေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းအား အမှတ်တရလက်ဆောင်ပေးအပ် သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့အား ဦးအိုက်မုန်းက ရိုးရာလက်ဆောင်များကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ဆေးပစ္စည်းများပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁) သည် နမ္မတူအခြေခံပညာအထက်တန်း ကျောင်းမှ ဆရာဆရာမများအတွက် ကျောင်းဝတ်စုံများကို ကျောင်းအုပ် ဆရာမကြီးဒေါ်ဗျားအား လည်းကောင်း၊ ကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် တီဗွီ၊ ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းအား လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့်ဆေးပစ္စည်းများကို တာဝန်ခံဆရာဝန် ဒေါက်တာသီသီဝင်းအား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က နမ္မတူမြို့နယ် ပန်ဟိုက် ကျေးရွာအထက်တန်းကျောင်းခွဲအတွက် တီဗွီတစ်လုံးကို ပန်ဟိုက်အထက်တန်း ကျောင်းခွဲကျောင်းအုပ်ကြီး ဦးဇေယျအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်း အနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ္မတူမြို့ အခြေခံ ပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်း သားကျောင်းသူများအား နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁)သတ္တုတွင်းလုပ်ငန်း နမ္မတူ-ဘော်တွင်း သတ္တုတွင်းဧည့်ရိပ်သာသို့ ရောက်ရှိကြရာ ရှင်းလင်း ဆောင်၌ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစော လွင်က နမ္မတူ-ဘော်တွင်းသတ္တုတွင်း၏သမိုင်းကြောင်း၊ မြေအောက်သတ္တုတွင်း၊ မြေပေါ်ဟင်းလင်းပွင့်သတ္တုတွင်းများဖြင့် ခဲ၊ သွပ်၊ ကြေးနီသတ္တုများ ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့နယ် နမ့်ပေါင်သို့ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင် မြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၊ တပ်မတော်သားများ၏ မိသားစုများက ကြိုဆိုကြသည်။

နမ့်ပေါင်တိုက်နယ်ဆေးရုံ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်ပေါင်တိုက်နယ် ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နမ့်ပေါင်အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးညွန့်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ နမ့်ပေါင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းကြူက နမ့်ပေါင်ဒေသ၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်း နေထိုင်မှုနှင့် ပညာရေး၊ကျန်းမာရေး၊ ဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်း တင်ပြသည်။

မျက်ခြည်မပြတ်ရေးရှုဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ထာဝစဉ်မျက်ခြည် မပြတ် ရှေးရှုဆောင်ရွက်သွားမည့် သဘောထားခံယူချက်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆက်စပ်ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နမ့်ပေါင် ဒေသအတွက်လက်ဆောင်ပစ္စည်းများကို နမ့်ပေါင်ကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းကြူအားလည်းကောင်း၊ နမ့်ပေါင်အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ငွေပဒေသာပင်၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် နမ့်ပေါင်ရှိ အခြေခံပညာကျောင်းများ အတွက် ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးညွန့်အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ နမ့်ပေါင်တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူ ငွေများနှင့် ဆေးပစ္စည်းများကို တိုက်နယ်ဆရာဝန်ဒေါက်တာဇော်ဦးအား ပေးအပ်သည်။

ရိုးရာလက်ဆောင်ပြန်လည်ပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးဂုံခေးအား အမှတ်တရလက်ဆောင် ပေးအပ်ပြီး အတွင်းရေးမှူး(၁)နှင့် တိုင်းမှူးတို့အား ဦးဂုံခေးက ရိုးရာလက်ဆောင်ကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီခွဲတွင် လားရှိုးမြို့ သို့ရောက်ရှိကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော် အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။ **(သတင်းစဉ်)**

ကျောက်ဆည်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၁

ကျောက်ဆည်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက် ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီခန်းမ၌ ကျင်းပရာ အသင်းနာယက ဒေါ်ကြည်ခင်နှင့် နာယကများ၊ ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင် ထွန်း(ငြိမ်း)နှင့်အမှုဆောင်များ၊အသင်း သား အသင်းသူများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

တင်ပြလျှောက်ထား

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၀ ပါးတို့အား ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)ဦးဆောင် ၍ အသင်းသား အသင်းသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောက်ဆည် အသင်း(ရန်ကုန်)၏ ဆောင်ရွက် ထားရှိမှုအခြေအနေများကို ဒုတိယ ဥက္ကဋ္ဌဦးခင်မောင်မြင့်က တင်ပြ လျှောက်ထားသည်။

ရေစက်သွန်းချ

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုး တော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ရေနံချောင်း ဆရာတော် ဘဒ္ဒန္တတေဇနိယထံမှ သာဓုအနုမောဒနာ ရေစက်ချတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကန်တော့ပစ္စည်းပေး

ဆက်လက်၍ သက်ကြီးပူဇော်ပွဲ ကိုကျင်းပရာ အသက် ၇၅ နှစ်နှင့် အထက် အဘိုး၊ အဘွား ၂၀တို့အား ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်း သားစောချစ်)က ကန်တော့ချိုး တိုင် ပေးကာ အသင်းသား အသင်းသူများ က ရှိခိုးကန်တော့ကြသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၈)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၁

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် ၄၅၈ကို ယနေ့ဖြန့်ချိ လိုက်ပြီ ဖြစ်သည်။**(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်း ဆောင်းပါးများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခု အပတ်ထုတ်ဂျာနယ်တွင် အချုပ်အခြာ အာဏာပိုင်စိုးရေးကို ဖော်ကျူးသည့် မလေးရှားဝန်ကြီးချုပ်၊ စက်တင်ဘာ ၁၁ရက် အကြမ်းဖက်သမားများ၏ ကနဦးတိုက်ခိုက်မည့် အစီအစဉ်၊ ကလေးငယ်များအားဆေးစားသုံးခြင်း နှင့်ပန်းနာရင်ကျပ်ရောဂါဆက်နွယ်ပုံ၊ ဂရင်နာဒါနိုင်ငံအကြောင်း သိကောင်း စရာ၊ စနေဂြိုဟ်လေ့လာရေးမစ်ရှင်၊ ပျက်စီးမည့်အန္တရာယ်မရှိတော့သည့် အန်ကာဝပ်၊ ဂျပန်ရဲချုပ်ကိုလုပ်ကြံရန် ကြိုးပမ်းသူများ၊ ယူအက်စ်အက်စ်ကိုး စစ်သင်္ဘော တိုက်ခိုက်ခံရမှု၊ မငြိမ် မသက်သည့်ကိုလံဘို၊ ဂွာတာနာမို အကျဉ်းသားများအတွက် စစ်ခုံရုံး ဖွဲ့မည်၊ အီရတ်တွင် ဒဗလျူအမ်ဒီ မတွေ့နိုင်ဟုဆိုသူ တိုနီဘလဲ၊ မိုက်ခရို ဆော့ဖ်ကုမ္ပဏီ၏ လုပ်ငန်းနည်း ဗျူဟာသစ်များ၊အာရှနှင့်အိဒ်စ်ရောဂါ၊ နို့သောက်ခြင်းနှင့် ကင်ဆာရောဂါ ဆက်စပ်မှု၊ အိန္ဒိယစီးပွားရေး၊ နိုင်ငံတကာဟာသ၊ တရုတ်နှင့် အမေရိကန်တို့၏ လေကြောင်း သဘောတူညီချက်၊ အင်အားတိုးလာ သည့် ပန်ဒါဝက်ဝံများ၊ အဖမ်းဆီးခံ ဝေလငါးကြီးများ၊ ဒုံးပျံကာကွယ်ရေး စနစ်၊အရှေ့အလယ်ပိုင်းနျူကင်းမဲ့ရေး မျှော်လင့်ချက်၊ ကနေဒါတပ်ဖွဲ့ဝင် များအား ဗုံးကြဲတိုက်ခိုက်ခဲ့သည့် အမေရိကန်လေယာဉ်မှူး၊ တရုတ် ပြည်၏ လကမ္ဘာဆိုင်ရာရည်မှန်းချက် များ၊ဒုတိယမြောက်သမ္မတသက်တမ်း စတင်သူအာရိုယို စသည့်သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေ ဆာဆာ ဖော်ပြထားကြောင်း သိရ သည်။ **(မြန်မာ့အလင်း)**

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ရွာပြီး တစ်ခါတစ်ရံ သည်းထန် နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမိုး

မန္တလေးမြို့နှင့်အနီးတစ် ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

✳ *ကျော့ဖုံးမှ*

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအများအားဖြင့် အားအသင့် အတင့်ရှိနေကြောင်း သိရသည်။

ဇူလိုင် ၁၂ရက်ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မိတ္ထီလာလွင်ပြင်စိုက်ပျိုးရေရရှိရေး လုပ်ငန်းများညှိနှိုင်းစည်းဝေး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကား ပြောကြား

ရန်ကုန် ဇူလိုင် ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် မန္တလေးမြို့မှ မိတ္ထီလာမြို့သို့ ဇူလိုင် ၇ ရက် နံနက်ပိုင်းက ရောက်ရှိပြီး မိတ္ထီလာမြို့ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် မိတ္ထီလာလွင်ပြင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အမှာစကားပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ မန္တလေးတိုင်း မိတ္ထီလာခရိုင်သည် မိုးခေါင်ရေရှား၊ ပူပြင်းခြောက်သွေ့သည့်ဒေသဖြစ်ကြောင်း၊ ဒေသ၌ရှိသည့် တောင်သူလယ်သမားအများစုသည် ဝီရိယနှင့် လုပ်အား မည်သို့ပင်စိုက်ထုတ်စိုက်ထုတ် ရေရာသေချာမှု မရှိလှဘဲ မိုးကိုမျှော်တလင့်လင့်ဖြင့် စိုက်ပျိုးလုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ရာသီဥတု၏ဒဏ်ကို နွေရာသီတွင် ပြင်းပြင်းထန်ထန် ခံစားနေရသူများဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အညာဒေသစိမ်းလန်းစိုပြည်ရေးနှင့်ဆက်စပ်ပြီး ဖြစ်နိုင်သည့်နေရာများတွင် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ ချောင်းပိတ်မြောင်းပိတ်ပြုလုပ်ပြီး ရေရရှိအောင် စီမံဆောင်ရွက်ခြင်း၊ မြစ်ရေနှင့်မြေအောက်ရေတို့ကို ဖော်ထုတ်အသုံးပြုခြင်းစသည့် ရေရရှိရေးလုပ်ငန်းများကို ကြိုးစားပမ်းစား အကောင်အထည်ဖော်ထုတ်ပေးခဲ့သည့်အတွက် ယနေ့အညာဒေသ၏ ပတ်ဝန်းကျင်အခြေအနေများသည် ယခင်ကနှင့်မတူဘဲ တိုးတက်ပြောင်းလဲနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖြစ်နိုင်သည့်နေရာများ၌ ရေလှောင်တမံများတည်ဆောက်ပြီး စိုက်ပျိုးရေးတိုးတက်အောင် လုပ်ပေးရမှာဖြစ်ကြောင်း၊ ရေလှောင်တမံဆောက်လုပ်မရသည့် နေရာများ၌ မြေအောက်ရေကိုဖြစ်စေ၊ မြစ်ရေကိုဖြစ်စေ စုပ်တင်ပြီး စိုက်ပျိုးရေးကိုထွန်းကားအောင် လုပ်ရမှာဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တောတောင်နှင့် ရာသီဥတုဖြစ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

မန္တလေးတိုင်းကိုပင် လေ့လာကြည့်လျှင် ရှေးမြန်မာမင်းများလက်ထက်မှ ၁၉၆၁-၆၂ ခုနှစ်အထိ ဆည်ပေါင်း ၃၈ ခု အကျိုးပြုဧက ၂၈၂၅၁ ရှိရာမှ ၁၉၆၂-၆၃ ခုနှစ်မှ ၁၉၈၈-၈၉ ခုနှစ်အထိ ဆည်ပေါင်း ၂၃ ခု အကျိုးပြုဧက ၂၃၄၄၈၀ တိုးတက်လာပြီး ၁၉၈၈-၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ် ဇွန်လအထိ ဆည်ပေါင်း ၄၀ အကျိုးပြုဧက ၃၃၃၃၅၃ ထပ်မံတိုးတက်ခဲ့ရာ စုစုပေါင်းဆည်တာတမံပေါင်း ၁၀၁ ခုနှင့် အကျိုးပြုဧက ၈၅၆၀၈၄ ရှိနေပြီဖြစ်ကြောင်း။

မန္တလေးတိုင်း၌ပါဝင်သည့် မိတ္ထီလာခရိုင်မှာ မြေဧရိယာအကျယ်အဝန်း ၁၄၃၀၅၆၀ ဧကမှ ၁၉၉၄-၉၅ မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ စိုက်ခင်းတည်ထောင်ပြီးစီးမှု ၁၈၂၄၄ ဧက၊ ၁၉၉၇-၉၈ မှ ၂၀၀၃-၂၀၀၄ အထိ သဘာဝတောထိန်းသိမ်းမှု ၆၈၅၀၀ ဧက ၁၉၉၇-၉၈ မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ ထင်းအစားအခြားလောင်စာသုံးစွဲမှုမှ စွမ်းအားမြင့်မီးဖို ၁၉၁၆၀ လုံး၊ လောင်စာတောင့် ၃၉၄၂၂၉၇ တုံး၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၃၆၇၂ တန် ရှိကြောင်း။ ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ၁၉၉၇-၉၈ မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ ရေကန်ငယ် ၇၈ ကန်၊ နုန်းတားဆည် ၈၁ ခုနှင့် မြေအောက်ရေနှစ်တွင်း အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၄ ခုနှစ် ဧပြီ ၁၃ ရက် ခရီးစဉ်တွင် မိတ္ထီလာခရိုင်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နွေရာသီတွင် ရေမရရှိ၍ စိုက်ပျိုးနိုင်ခြင်းမရှိသည့် စိုက်ပျိုးမြေကွင်းပြင်ကြီးများကို တွေ့ရှိပြီး ရေရရှိရေးဆောင်ရွက်ပေးရန် မိုးရာသီတွင်မက နွေရာသီပါစိုက်ပျိုးရေရရှိရေး ညွှန်ကြားခဲ့ကြောင်း။

ယင်းသို့ ညွှန်ကြားရာတွင် ဆည်များရေတင်စီမံကိန်းများနှင့် အခြားဖြစ်နိုင်သည့် နည်းလမ်းများကို ညွှန်ကြားပြီး ဝန်ကြီးဌာနနှင့်ဒေသခံ တာဝန်ရှိပုဂ္ဂိုလ်များကို ကွင်းဆင်းတိုင်းတာစေခဲ့ပြီး တိုင်းတာတွေ့ရှိချက်များကို သုံးသပ်ပြီး မိတ္ထီလာခရိုင် စိုက်ပျိုးရေရရှိရေးအတွက် အပိုင်း (၃) ပိုင်း၊ တစ်နည်းအားဖြင့် အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်ရန် စီမံညွှန်ကြားခဲ့ကြောင်း။ ယင်းမိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကို ယခုထက်ပိုပြီး ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် ပထမအဆင့်တွင် အောက်ပါနည်းလမ်း (၃)သွယ်ဖြင့် လုပ်ဆောင်ရန် ဖြစ်ကြောင်း။

နည်းလမ်း(၁)အနေဖြင့် ချောင်းကောက်ရေလှောင်တမံမှ ပိုလျှံသောရေဧက ပေ ၂၅၀၀၀ ခန့်နှင့် ချောင်းကောက်တမံနှင့် မိတ္ထီလာကန် ကြားရှိ ရေဆင်းဧရိယာ ၁၉ စတုရန်းမိုင်မှ ရေဧကပေ ကိုးထောင်ခန့် တို့ကို မိတ္ထီလာကန်သို့ နိမ့်မြင့်ရေမြောင်းစနစ်ဖြင့် ရေကူနိုင်ရန် စီမံ ခြင်း၊ ရေကူနိုင်ရန် လက်ခုပ်ပင်တမံနှင့် ညောင်ကုန်းတမံကို တည်ဆောက်ရန် ဆောင်ရွက်ပြီး မိတ္ထီလာကန်သို့ ရေကူပေးရန်ဖြစ်ကြောင်း။

နည်းလမ်း(၂) အနေဖြင့် ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် လက်ဆည် ကန်ဆည်နှင့် မြို့လုတမံ ထပ်မံတည်ဆောက်၍ ၎င်းဆည်များမှ စုဆောင်းရရှိရေကို နိမ့်မြင့်တူးမြောင်းစနစ် (Gravity)ဖြင့် ချပေးခြင်း၊ ဆင်သေ ရေလွှဲဆည်မှ ပိုရေများကိုပါ ပူးပေါင်း၍ ရမည်းသင်းမြို့နယ် ကျီးနီကန်သို့ ချပေးခြင်း၊ ကျီးနီကန်မှ ရေ ၇၅၀၀၀ ဧက ပေခန့်ကို စမုံချောင်းဖျားသို့ ထည့်ပေးခြင်းဖြင့် မိတ္ထီလာခရိုင်အတွင်းရှိ စမုံရေထိန်းတမံသို့ သယ်ယူသွားရန် ဆောင်ရွက် ခြင်းတို့ဖြစ်ကြောင်း။

နည်းလမ်း(၃) အနေဖြင့် ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံ၏ ရေဆင်း ဧရိယာ ၈၀၀ စတုရန်းမိုင်ခန့်သို့ စီးဝင်ရေနှင့် ဇော်ဂျီရေလှောင်တမံမှ ပို့လွှတ်သည့် ရေများမှ ဇော်ဂျီ ရေသောက်စနစ်အတွက် အသုံးပြုရမည့် ရေပမာဏထက် ပိုလွှန်ရေ၊ ရေဧကပေ နှစ်သိန်းခန့်ကို သိုလှောင်ထားနိုင်ပြီး (Gravity)နိမ့်မြင့် တူးမြောင်းစနစ်ဖြင့် ကင်းတားရေလွှဲဆည်သို့ ရေချပေးခြင်း၊ ကင်းတား ရေလွှဲဆည်မှ တစ်ဖန် ရေစုပ်စက်ဖြင့် ရေတင်၍ နိမ့်မြင့်တူးမြောင်းစနစ်ဖြင့် ခင်ကြီးရွာ ရေတင်စခန်းသို့ ပို့ဆောင်ပေးရန် ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း။

ဒုတိယပိုင်း ဒုတိယအဆင့်အနေဖြင့် မိတ္ထီလာကန်၊ ညောင်ရမ်းမင်းလှကန်၊ တောင်ပုလုကန်စသည့် ကောနေသည့်ကန်များမှ နုန်းများကို ဆယ်တင်ပြီး ရေပိုမိုသိုလှောင်နိုင်အောင် လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ ကန်များနုန်းဖို့မှု ကာကွယ်ရေးအတွက် အထက်ပိုင်းတွင် နုန်းတားရေထိန်းတမံများ ထပ် မံတည်ဆောက်ရန် ဖြစ်ကြောင်း။ တတိယအဆင့်အနေဖြင့် ဒုဋ္ဌဝတီမြစ်ရေကို ရေစုပ်စက်ဖြင့် ရေတင်စီမံကိန်းပြုလုပ်ပြီး မိတ္ထီလာဒေသအတွင်းပေးပို့ခြင်း၊ အခြားထပ်မံ၍ ဖြစ်နိုင်ဖွယ်နည်းလမ်းများရှာဖွေ၍ စိုက်ပျိုးရေ ရရှိအောင် ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးနည်းလမ်းများကို အသုံးပြုပြီး အဆင့် (၃)ဆင့်ဖြင့် မိတ္ထီလာခရိုင်တစ်ခုလုံး စိမ်းလန်းစိုပြည်လာအောင်၊ စိုက်ပျိုးရေရရှိပြီး ဒေသဆန်ဖူလုံမှုရှိစေရန် စိုက်ဧက တိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ ယခု အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အောက်ခြေတာဝန်ရှိသူများအထိ သိရှိအောင် ရှင်းလင်းပြသပြီး လက်တွေ့စုပေါင်း အကောင်အထည်ဖော်ရေးအတွက်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းနှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်တို့က အသီးသီးရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဦးလွင်နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိတ္ထီလာကန်ရေဝင်ရောက်မှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးရာ **(အောက်ပုံ)** ရှေးဦးစွာ ရေကျော်ခုနစ်ပေါက်တွင် ရေတံခါးတစ်ပေမြှင့်၍ ရေပိုမိုသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိတ္ထီလာ-မန္တလေး-တောင်ကြီးကားလမ်းဆုံ ကန်ပေါင်မှ မိတ္ထီလာကန်အတွင်း ရေဝင်ရောက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိတ္ထီလာ-မလိုင် ကားလမ်းအတိုင်း မိတ္ထီလာမြောက်ကန်သို့ သွားရောက်ပြီး ဒေသခံတပ်မတော် သားများနှင့် စေတနာရှင်များ ပူးပေါင်းပြီး ကန်အတွင်း နုန်းမြေများ သယ်ယူ၍ ကန်ပေါင်ဖို့မှုအခြေအနေ၊ မိတ္ထီလာ(မြောက်ကန်)အတွင်း ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိတ္ထီလာ-ကျောက်ပန်းတောင်း ကန်ဖြတ်ကားလမ်း တစ်ဖက်တစ်ချက်ရှိ ရေဆိုးထုတ်ကန်များမှ ရေဆိုးများစွန့်ပစ်မှုအခြေအနေ၊ မိတ္ထီလာကန်အတွင်း ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေဆိုးများစနစ်တကျ စွန့်ထုတ်ရေး၊ မိတ္ထီလာကန်အတွင်းသို့ ရေဆိုးများ မရောက်အောင်ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် နည်းလမ်း (၃)သွယ်အနက် ချောင်းကောက်ရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေဖြည့်ပေးမည့်ရေကူစီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်နေသည့် ညောင်ကုန်းရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တည်ဆောက်ရေးတာဝန်ခံ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစန်းလွင်က ညောင်ကုန်းရေလှောင်တမံ တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်၏ စီမံကိန်းကြီးတွင် ပါဝင်သော လုပ်ငန်းတစ်ရပ်ဖြစ်၍ အမြန်ပြီးမြောက်အောင် ဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ညောင်ကုန်းရေလှောင်တမံသည် မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာအနီးတွင် တည်ရှိပြီး အလျားပေ ၆၄၀၀၊ အမြင့်ပေ ၄၀ ရှိ၍ စီးဝင်ရေ ၅၀၀၀ဧကပေကို မိတ္ထီလာကန်သို့ ရေဖြည့်ပေးခြင်း၊ ရေသောက်ဧရိယာဧက ၁၅၀ကို ရေပေးဝေခြင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းအနီးရှိ တောင်ရေ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရေလှောင်တမံမှ ကြက်မောက်တောင်သို့ ရေပေးမြောင်းဖောက်လုပ်ပေးမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးဝင်းက ရေသွယ်မြောင်းတူးဖော်ထားရှိမှု အခြေအနေ၊ ကျောက်ပန်းတောင်း-မိတ္ထီလာ ကားလမ်းအောက်မှ ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေလှောင်တမံပြီးစီးမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ ဦးအောင်မိုးဝင်းက လိုက်လံပြသရှင်းလင်းတင်ပြသည်။ ထို့နောက် ရှင်းလင်းဆောင်တွင် တမံနှင့်ရေသွယ်မြောင်းပြီးစီးမှု၊ ရေဝင်ရောက်မှု အခြေအနေနှင့် ကျောက်တံခါးရေလှောင်တမံနှင့် ရေသွယ်မြောင်း ဖောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ တောင်ရေ ရေလှောင်တမံသည် ကြက်မောက်တောင်သို့ ရေကူဖြည့်ရန်တည်ဆောက်ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးနေပြီဖြစ်၍ ယခုနှစ်မိုးရာသီမှစတင်ကာ ကြက်မောက်တောင်ရေလှောင်တမံသို့ ရေဧကပေ ၄၀၀၀ကျော်ခန့် ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။ ထပ်မံ၍ ရေဖြည့်ပေးနိုင်ရေးအတွက် ဒုတိယအဆင့်အနေဖြင့် ကျောက်တံခါးရေလှောင်တမံစီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းဖွင့်ပွဲကန်ပက်လက်၌ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းရှိန်သည် ဇူလိုင်၅ရက် နံနက်၉နာရီက ချင်းပြည်နယ် ကန်ပက်လက်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းဖွင့်ပွဲနှင့် အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ်သည် ကန်ပက်လက်မြို့ အိမ်တွင်းမှုကျောင်း ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထို့နောက် ကန်ပက်လက်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၆ ရက်တွင် မင်းတပ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)နှင့် အမှတ်(၂)တို့သို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မင်းတပ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ဆောက်လုပ်မည့် မြေနေရာကို သွားရောက် ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်နှင့် စွမ်းအင်အသင်းတို့ ယနေ့ဗိုလ်လုမည်

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၂ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်း

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် အုပ်စု(ဂ)၌ ပါဝင်ခဲ့ပြီး လယ်ယာထွက်ကုန်ကို သုံးဂိုး- ဂိုးမရှိ၊ ပို့ဆောင်ရေးကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး သစ်တောရေးရာကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည်။ သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆)မှတ်ဖြင့် အုပ်စုပထမ ရရှိခဲ့သည်။ ကွာတားဖိုင်နယ်တွင် ကမ္ဘောဇအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် စီးပွား/ကူးသန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းပင်ဖြစ်သည်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲအထိ ငါးပွဲကစားရာတွင် လေးပွဲနိုင်ပြီး တစ်ပွဲရှုံးခဲ့သည်။ စုစုပေါင်းငါးပွဲတွင် ၁၃ ဂိုးသွင်းပြီး နှစ်ဂိုးသာအသွင်းခံခဲ့ရသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ထွန်းထွန်းဝင်းက သုံးဂိုး(ပယ်နယ်တီ)၊ စိုးမြတ်မင်းက နှစ်ဂိုး၊ မျိုးလှိုင်ဝင်း၊ ကျော်သူရ၊ အောင်လင်းထွန်း၊ လွင်ဦး၊ ဇော်ထိုက်၊ ရန်ပိုင်၊ အောင်ကျော်မိုးနှင့် အောင်ဟိန်းလတ်တို့က တစ်ဂိုးစီ သွင်းယူပေးသည်။

စွမ်းအင်အသင်း

စွမ်းအင်အသင်းသည် အုပ်စု(က)၌ ပါဝင်ပြီး တံခွန်ကိုလေးဂိုး-နှစ်ဂိုးဖြင့် နိုင်ကာ မြို့တော်စည်ပင်နှင့် တစ်ဂိုးစီ သရေ၊ ဆောက်လုပ်ရေးနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ စွမ်းအင်အသင်းသည် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ (၅)မှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ ကွာတားဖိုင်နယ်တွင် လယ်ယာထွက်ကုန်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ပြည်ထဲရေးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

စွမ်းအင်အသင်းသည် ငါးပွဲကစားရာတွင် သုံးပွဲနိုင်ပြီး နှစ်ပွဲသရေကျခဲ့သည်။ စုစုပေါင်းငါးပွဲတွင် ၁၄ဂိုးသွင်းပြီး ငါးဂိုးအသွင်းခံခဲ့ရသည်။ စွမ်းအင်အသင်းအတွက် နိုင်ဝင်းတစ်ဦးတည်းက ခုနစ်ဂိုးသွင်းယူခဲ့ပြီး မျိုးဇော်ဦးနှင့်ရန်နောင်စိုးတို့က နှစ်ဂိုးစီ၊ ဇော်မင်း၊ ဇော်ထက်အောင်(ပယ်နယ်တီ)နှင့် ထွန်းထွန်းအေးတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။

သတင်းဆောင်းပါး-ကိုထွေး

ပဏာမလက်ရွေးစင်

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းမှ အောင်အောင်ဦး(ဂိုး)၊ စိုးလင်းထွန်း၊ အောင်ဟိန်းလတ်၊ စိုးမြတ်မင်း၊ အောင်ထွန်းလင်း၊ အောင်ကျော်မိုး၊ လွင်ဦး၊ ထွန်းထွန်းဝင်း၊ ရန်ပိုင်၊ ကျော်သူရနှင့် ဇော်ထိုက်တို့ ပဏာမ မြန်မာ့လက်ရွေးစင်အသင်း၌ ပါဝင်နေကြသည်။

စွမ်းအင်အသင်းမှ ကျော်မင်းလှိုင်(ဂိုး)၊ ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင်နှင့် နိုင်ဝင်းတို့ ပဏာမမြန်မာ့လက်ရွေးစင်အသင်း၌ ပါဝင်နေကြသည်။

သုံးကြိမ်ဆုံတွေ့

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲများတွင် ဘဏ္ဍာ/အခွန်နှင့် စွမ်းအင်တို့ သုံးကြိမ်ဆုံတွေ့ခဲ့ရာ စွမ်းအင်က နှစ်ကြိမ် အနိုင်ရပြီး ဘဏ္ဍာ/အခွန်က တစ်ကြိမ် အနိုင်ရရှိခဲ့သည်။ ကွင်းဖွင့်ဖလား ကွာတားဖိုင်နယ်တွင် ဘဏ္ဍာ/အခွန်နှင့်စွမ်းအင်တို့ ဆုံတွေ့ခဲ့ကြရာ ဘဏ္ဍာ/အခွန်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်နှင့် စွမ်းအင်တို့ ဆုံတွေ့ခဲ့ရာ စွမ်းအင်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ရာ စွမ်းအင်က နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

နှိုင်းယှဉ်သုံးသပ်ချက်

ယခုနောက်ပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်း၏ ချန်ပီယံအိပ်မက်ကို ဖျက်ဆီးနိုင်သည့် အသင်းများမှာ စီးပွား/ကူးသန်းနှင့် စွမ်းအင်တို့ ဖြစ်ကြသည်။ ယခင်ကဆိုလျှင် ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်း၊ ဘဏ္ဍာ/အခွန်နှင့် စွမ်းအင်တို့ ကစားမည်ဆိုပါက ဘဏ္ဍာ/အခွန် နိုင်မည်ဟု တထစ်ချပြော၍ရသည်။ လက်ရှိအနေအထားတွင် ဘဏ္ဍာ/အခွန်အသင်း အနေဖြင့် လက်ရွေးစင်အများစု ပါဝင်နေသော်လည်း ထင်သလောက်ခြေစွမ်း မပြနိုင်သောပွဲများ ရှိနေသည်။

ဘဏ္ဍာ/အခွန်အသင်း၏ အားနည်းချက်မှာ နောက်တန်းဖြစ်သည်။ စိုးမြတ်မင်းက တိုက်စစ်အားသန်သူဖြစ်၍ နောက်တန်းလေးယောက်ရှေ့၌ ထားကာ တိုက်စစ်၌ လိုက်ပါ၍ ဂိုးသွင်းရန် နေရာချထားသည်။ စိုးမြတ်မင်း တိုက်စစ်နှင့်အတူ ရှေ့ကိုပါသွားပြီး အချိန်မီ နောက်ပြန်မဆင်းနိုင်လျှင် နောက်တန်းပေါက်ပြီး ဂိုးပေးရလေ့ရှိသည်။ ဘဏ္ဍာ/အခွန်နောက်တန်းမှ အောင်ကျော်မြင့်က မလိုအပ်ဘဲ Fancy Play ကစားတတ်၍ အမှားမှတစ်ဆင့် ဂိုးပေးရသည်များ ရှိခဲ့သည်။ မိုးကျော်သူ ဖျက်အားကောင်းသော်လည်း ခြေနုတ်ခြေသိမ်းလေးသဖြင့် တစ်ဖက်အသင်းက တစ်ချက်ထိ အမြန်ပေးကစားသည့်အခါ မထိန်းနိုင်ဘဲ ဖြစ်တတ်သည်။

ဘဏ္ဍာ/အခွန်အသင်း၏အလယ်တန်းသည် အဆင့်မြင့်တန်းအသင်းများထဲတွင် အတောင့်တင်းဆုံးဖြစ်သည်။ စိုးလင်းထွန်းနှင့် အောင်ဟိန်းလတ်တို့ တောင်ပံတိုက်စစ်၌လိုက်ပါနိုင်ပြီး ထွန်းထွန်းဝင်းက ကွင်းလယ်မှ ဘောလုံးအဖြန့်ကောင်းသည်။ မျိုးလှိုင်ဝင်းက အကွက်မြင်ပြီး ရှေ့တန်းလူများနှင့် တွဲကစားပေးသည်။ အောင်ကျော်မိုး တာထွက်အသင်း၌ ကစားပြီး လွင်ဦးနှင့် လူစားလဲလျှင် အသင်း ပုံပျက်မသွားပေ။ သို့သော် ရှေ့တန်းမှ ရန်ပိုင်နှင့် ဇော်ထိုက်တို့ One Chance One Goal မသွင်းနိုင်သဖြင့် ဖိကစားနိုင်ပါလျက် ဂိုးမရခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် ဂိုးစအသွင်းခံရလျှင် စိုးရိမ်စိတ်ဝင်ပြီး ပျာယာခတ်သွားတတ်သည်။ ဘဏ္ဍာ/အခွန်အသင်းရှုံးသောပွဲများတွင် ဂိုးစသွင်းခံခဲ့ရသည်။ ဘဏ္ဍာ/အခွန်အသင်း ဂိုးစသွင်းနိုင်ပြီဆိုလျှင် ကစားကွက်ပိုကောင်းလာပြီး ဂိုးထပ်ရရန် မခက်တော့ပေ။

နောက်တန်းအားကောင်း

စွမ်းအင်အသင်းမှ အေးမင်းထွန်း၊ ကျော်ခိုင်ဝင်း၊ မင်းမင်းထွန်းနှင့်ဇော်ထက်အောင်တို့ လေးဦးပါဝင်သော နောက်တန်းအင်အားသည် အဆင့်မြင့်တန်းအသင်းများထဲ၌ အကောင်းဆုံး နောက်တန်းဖြစ်သည်။ အလယ်တန်းမှ ကျော်မျိုးဟန်ဘောလုံးဖြန့်ဝေမှု ကောင်းပြီး အလွတ်တည်ကန်ဘောများမှ ဂိုးသွင်းလေ့ရှိသော်လည်း ကြံ့ခိုင်မှုအားနည်းသည်။ ပွဲရှိန်မြင့်လာလျှင် ထိခိုက်ဒဏ်ရာရတတ်ပြီး သက်လုံလည်း ကျဆင်းသွားသည်။ ရန်နောင်စိုးက အလုံးအထည်သေးသော်လည်း ဘောလုံးရှိသည့်နေရာ လိုက်ကစားပြီး လစ်လျှင်လစ်သလို ဂိုးသွင်းတတ်၍ သတိထားရမည့်သူဖြစ်သည်။

စွမ်းအင်အသင်း ရှေ့တန်းမှ တိုက်စစ်မှူးနိုင်ဝင်းသည် လက်ရှိအနေအထား၌ ရန်ပိုင်၊ ဇော်ထိုက်၊ ကျော်သူရတို့ထက် သာနေသည်။ အဝေးမှ ကန်သွင်းနိုင်သလို ပယ်နယ်တီဧရိယာထဲ၌ ဘောလုံးကိုင်ရဲသည်။ နိုင်ဝင်းကိုလွတ်ထားပါက ဘဏ္ဍာ/အခွန် ခံစားသွားရနိုင်သည်။ စွမ်းအင်အသင်းတွင် ဘဏ္ဍာ/အခွန်အသင်းလောက် ပဏာမလက်ရွေးစင်ပါဝင်မှု မများသော်လည်း အသင်းလိုက်ကစားအားနှင့်ကစားကွက် ကောင်းမွန်သည်။ အရန်အင်အားကောင်းပြီး ပွဲအစအဆုံး ကြံ့ခိုင်မှုမကျဘဲ တစ်သင်းလုံးဆင်း၊ တစ်သင်းလုံးတက် ကစားလေ့ရှိသည်။ စွမ်းအင်နည်းပြဦးမျိုးဝင်း လူစားလဲမှုနှင့် လူနေရာချထားမှု ကျွမ်းကျင်သလို နည်းပရိယာယ် ပိုင်နိုင်သည်။ ဘဏ္ဍာ/အခွန်နည်းပြဦးမြင့်ကြူးနှင့် စွမ်းအင်နည်းပြဦးမျိုးဝင်းတို့ နည်းဗျူဟာပြိုင်ရမည့်ပွဲဖြစ်သည်။

ဘဏ္ဍာ/အခွန်အလေးသာ

ပြီးခဲ့သည့်ကွင်းပိတ် (ရှုံးထွက်) ပြိုင်ပွဲတွင် စွမ်းအင်က ဘဏ္ဍာ/အခွန်ကို အနိုင်ရခဲ့သော်လည်း ယခုကွင်းဖွင့်ဖလားပွဲတွင် ဘဏ္ဍာ/အခွန်က အနိုင်ရရန် ပို၍အလေးသာလျက်ရှိသည်။ ဆီမီးဖိုင်နယ်၌ကစားခဲ့ပုံများကိုကြည့်လျှင် စီးပွား/ကူးသန်းကိုနိုင်ခဲ့သော ဘဏ္ဍာ/အခွန်၏ခြေမှာ အားရစရာကောင်းသည်။ ယခင်ဘဏ္ဍာ/အခွန်ကို မမီသေးသော်လည်း ကွင်းပိတ်ပွဲက ခြေမျိုးမဟုတ်တော့ပေ။ စွမ်းအင်က ပြည်ထဲရေးကို ဂိုးပြတ်နိုင်ခဲ့သော်လည်း ခြေစွမ်းမပြနိုင်ဘဲ ပြည်ထဲရေးနောက်တန်းလူများအမှားကြောင့် ဂိုးရခဲ့ခြင်းဖြစ်သည်။ စွမ်းအင်၏ ပုံမှန်ခြေမဟုတ်ဘဲ ကစားကွက် ပျက်နေခဲ့သည်။ သို့သော် ကြား၌ သုံးရက်အနားရခဲ့သည်ဖြစ်ရာ အားနည်းချက်များကို ပြင်ဆင်ချိန်ရမည်ဖြစ်သည်။

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားကြီးနှင့်အတူ ချီးမြှင့်မည့် ဆုငွေကျပ်သိန်း၃၀ကို ဘဏ္ဍာ/အခွန်အသင်းကပဲ သိမ်းပိုက်သွားလေမလား၊ စွမ်းအင်အသင်းကပဲ သိမ်းပိုက်သွားလေမလား စောင့်ကြည့်ရမည်ဖြစ်သည်။ စာရေးသူအနေဖြင့် ဘဏ္ဍာ/အခွန်အသင်းက စွမ်းအင်အသင်းကို ကွင်းပိတ်ပွဲက ရှုံးကြွေးဆပ်ကာ ပွဲအပြီးတွင် ကွင်းဖွင့်ဖလားကြီးကို ကိုင်မြှောက်၍ အောင်ပွဲခံနေသည်ကို မြင်ယောင်နေမိပေသည်။ ။

(မြန်မာ့အလင်း)



ဖယ်သာဝိတ်တန်းတွင် ဂျပန်မှ ဆိုင်ဂျိဝါကာဆူဂီအား တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသော မြန်မာမှ ဝင်းထွန်း(သစ်တောရေးရာ)အား ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

❒ ကျော်ဖုံးမှ

ဝိတ်တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အသက်၂၄နှစ်ရှိ ဝင်းထွန်း(သစ်တောရေးရာ)က တောင်ကိုပါဂျူဂျစ်ဆုချန်ပီယံပြိုင်ပွဲ ၂၀၀၁၊ ၂၀၀၂ ခုနှစ်များတွင် ဒုတိယဆု၊ ၂၀၀၁၊ ၂၀၀၂ ခုနှစ်များ၌ ကျင်းပသည့် အက်မာတီရာရှေ့အိုးပင်းပြိုင်ပွဲများ၌ ဒုတိယဆုနှင့် ၂၀၀၃ခုနှစ် တောင်ကိုပါဂျူဂျစ်ဆုပြိုင်ပွဲ၌ တတိယဆုရဆိုင်ဂျိဝါကာဆူဂီအား တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရသွားသည်။

မစ်ဒယ်လ်ဝိတ်တန်းပြိုင်ပွဲတွင် မြန်မာပြည် ချန်ပီယံ ရွှေဆိုင်းနှင့် ဂျပန်နိုင်ငံ အက်မက်မာတီရာရှေ့ဘောက်ဆင်ပြိုင်ပွဲ တတိယဆုနှင့် တိုကွန်ဂျူကူတာရီကိုမာမင့်ပြိုင်ပွဲ ချန်ပီယံ ယိုရှီတာရိုနီမိတို့ သရေပွဲဖြစ်သွားသည်။

အလဲထိုး

လိုက်ဝယ်တာဝိတ်တန်းပြိုင်ပွဲ၌ ရွှေခါးပတ်ချန်ပီယံဝင်းထွန်း(မြန်မာ)နှင့် Seiji Wakasugi (ဂျပန်)တို့ ထိုးသတ်ကြရာ လွှတ်ဟော့ ဆိုသည်နှင့် အားမာန်အပြည့်ဖြင့် ထိုးသတ်ကြ၍ ပရိသတ်အကြိုက်တွေ့သော ပွဲကောင်းဖြစ်ခဲ့သည်။

ဝင်းထွန်း အတင်းဝင်တိုက်ရာ ဂျပန်လက်ဝှေ့သမားက ခါးကိုဖက်ပြီး ကိုင်ပေါက်ရန်ကြိုးစားသည်။ ဝင်းထွန်းက ကိုင်ပေါက်မခံဘဲ ခေါင်းဖြင့်တိုက်သည်။ ဒူးဖြင့်ဆောင့်သည်။ ဂျပန်လက်ဝှေ့သမားမျက်နှာကို ဝင်းထွန်းလက်သီး မိတ်ဆက်မိသည်။ ဂျပန်လက်ဝှေ့သမားက နှစ်ကြိမ်ကိုင်ပေါက်သည်။

ဒုတိယအချီတွင် ဂျပန်လက်ဝှေ့သမားက သူတင်ကိုယ်တင်ယှဉ်မထိုးတော့ဘဲ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေသည်။ ဝင်းထွန်း လက်သီးချက် ဂျပန်လက်ဝှေ့သမား မျက်နှာတည့် တည့်ထိသွားသည်။ ဂျပန်လက်ဝှေ့သမားက ဖမ်းချုပ်ပြီး ဆွဲလုံသည်။

တတိယအချီ

စည်းဝိုင်းဒိုင်က တတိယအချီ လွှတ်သည်နှင့် ဂျပန်လက်ဝှေ့သမားက လူချင်းပူးပြီး ဆွဲလုံရန်ကြိုးစားသည်။ ဝင်းထွန်း၏အားပါသော ကန်ချက်ကြောင့် ဂျပန်လက်ဝှေ့သမားလဲကျသွားသည်။ ဒိုင်လူကြီးကအမှတ်စဉ်ရေတွက်ရာ အမှတ်စဉ်(၁၀)အရောက်တွင် ဂျပန်လက်ဝှေ့သမားပြန်ထသော်လည်း ဆက်ထိုးရန် မဖြစ်နိုင်တော့၍ အရှုံးပေးလိုက်ရသည်။ ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(မြန်မာ)က Seiji Wakasugi(ဂျပန်)ကို တတိယအချီ တစ်မိနစ် တစ်စက္ကန့်တွင် အလဲထိုးပြီး အနိုင်ရရှိသွားသည်။

သရေနှင့်ပွဲသိမ်း

မစ်ဒယ်လ်ဝိတ်တန်းပြိုင်ပွဲ၌ မြန်မာပြည်ချန်ပီယံ ရွှေဆိုင်းနှင့် ဂျပန်မှ Yoshitaro Niimi တို့ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီတွင် ရွှေဆိုင်းနှင့်ဂျပန်လက်ဝှေ့သမားတို့ တစ်ဦးအကဲကိုတစ်ဦး ခတ်နေကာ လက်သီးချိန်နေသဖြင့် ပရိသတ်များ အားမလိုအားမရ ဖြစ်နေကြသည်။ ရွှေဆိုင်းနှင့် ဂျပန်လက်ဝှေ့သမားတို့ မထိုးဘဲ ဟန်ရေးပြနေ၍ စည်းဝိုင်းဒိုင်လူကြီးက နှစ်ဦးစလုံးကို ထိုးရန်သတိပေးပြောကြားခဲ့သည်။

ဒုတိယအချီ ပြန်စသည့်အခါ ရွှေဆိုင်း အတင်းကာရော လိုက်ထိုးရာ ဂျပန်လက်ဝှေ့သမားအငိုက်မိပြီး အထိုးခံလိုက်ရသည်။ ဂျပန်လက်ဝှေ့သမားက လူချင်းလိုက်ပူးရာ ရွှေဆိုင်းက အားသာ၍ ဂျပန်လက်ဝှေ့သမားကို ဆွဲလုံနိုင်ခဲ့သည်။

တတိယအချီတွင် ဂျပန်လက်ဝှေ့သမား ခြေဖြင့်ကန်စဉ် ရွှေဆိုင်းက ညာလက်သီးပစ်သွင်းရာ မျက်နှာကို တန်းတန်းမတ်မတ် ထိသွားသည်။

စတုတ္ထအချီ လွှတ်သည့်နှင့် ရွှေဆိုင်းလိုက်ထိုးရာ ဂျပန်လက်ဝှေ့သမား၏နားထင်ကို ချက်ကောင်းထိသွားသည်။ သို့သော် ဂျပန်လက်ဝှေ့သမား ခံနိုင်ရည်ရှိ၍ ရွှေဆိုင်းထင်တိုင်း မပေါက်ခဲ့ချေ။ ဂျပန်လက်ဝှေ့သမားက လူချင်းပူးကာ ဆွဲလုံရန် ကြိုးစားသလို ရွှေဆိုင်းက ခြေဖြင့်ခတ်သည်။

ပဉ္စမအချီတွင် ဂျပန်လက်ဝှေ့သမားက တိုက်ကွက်ပြောင်းသွားသည်။ ရွှေဆိုင်းလိုက်ထိုးသည်ကို ယှဉ်မထိုးဘဲလူချင်းဝင်ပူးကာဆွဲလုံချသည်။ ရွှေဆိုင်းကထိုးလိုက်၊ ဂျပန်လက်ဝှေ့သမားက လူချင်းဝင်ပူးပြီး ဆွဲလုံလိုက်နှင့် ပွဲချိန်စေ့သွားသည်။ မြန်မာပြည် ချန်ပီယံ ရွှေဆိုင်းနှင့် ဂျပန်မှ Yoshitaro Niimi တို့ ငါးချီအပြည့် ထိုးသတ်ပြီး အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်သွားသည်။

လေးချီအထူးပွဲ

မြန်မာ-ဂျပန် ပွဲစဉ်များမစမီ ကျင်းပသော လေးချီ အထူးပွဲတွင် ကျော်နိုင် (သုဝဏ္ဏ)နှင့် လေပွေ (တနင်္သာရီ)တို့ အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်သွားသည်။

ငါးချီစိန်ခေါ်ပွဲ

ငါးချီ စိန်ခေါ်ပွဲများအဖြစ် ပန်းနှစ်ပွင့်(မဒေါက်)နှင့် လိစ္ဆဝီ(ခ) စိန်ပန်း (သူရဲကောင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စတုတ္ထအချီတွင် လိစ္ဆဝီ(ခ)စိန်ပန်း (သူရဲကောင်း)မျက်ခုံးကွဲ၍ ပန်းနှစ်ပွင့် (မဒေါက်) အနိုင်ရရှိသွားသည်။

စောဖွဲ့လေး(KLN)နှင့် စောဝီလျံသိန်း(အလင်းရောင်)တို့ပွဲတွင် ငါးချီပြည့်သည်အထိ အနိုင်အရှုံး မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ တွေ့မရှောင် (တနင်္သာရီ)နှင့် အမေ့သား (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ တွေ့မရှောင် (တနင်္သာရီ)က လေးချီတွင် အလဲထိုးပြီး အနိုင်ရရှိသွားသည်။ နဂါးလေး(ခ)နောင်စု(တနင်္သာရီ)နှင့် စောထိုက်စံ(သူရဲကောင်း)တို့ ပွဲတွင် ငါးချီပြည့်သည်အထိ အနိုင်အရှုံး မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ ခွန်မောင်ကြူး(ပဲခူးတိုင်း)နှင့် စောဘဲလေး (တနင်္သာရီ)တို့ပွဲသည် ပွဲကောင်းပြီး ပရိသတ်အကြိုက်တွေ့ခဲ့သည်။ ငါးချီပြည့်သည်အထိ အသည်းမာမာ ဖွဲ့ပါပါ ထိုးသတ်ကြသော်လည်း အနိုင်အရှုံး မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။

အမျိုးသမီးငါးချီပွဲ

မြန်မာလက်ဝှေ့ကျော်များနှင့် ဂျပန်လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်၍ အပြီးတွင် နောက်ဆုံးပွဲစဉ်အဖြစ် အမျိုးသမီး ငါးချီစိန်ခေါ်ပွဲကို ဆက်လက် ကျင်းပသည်။ သီတာကျော် (ဘိုကျော်-မန်း)နှင့် ကြူကြူသင်း (ပတ်မစိန်-မန်း)တို့ ရေကုန်ရေခန်း ထိုးသတ်ခဲ့ကြသည်။ ပဉ္စမအချီပြီးဆုံးသွားချိန်တွင် တစ်ဦးနှင့်တစ်ဦး အလဲမထိုးနိုင်၍ သရေဖြင့် ပွဲသိမ်းခဲ့ရသည်။

(မြန်မာ့အလင်း)

ဇူလိုင် ၁၁ ရက်က သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့်အသင်း၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြောက်ဥက္ကလာအထက(၁) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၁

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အေစီအေ ပညာရိပ်ငြိမ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ သာသနာ့ဘောင်သို့ ကူးပြောင်းသွားသော ဆရာနှင့် ကျောင်းသားဟောင်း သံဃာအပါး၄၀ ကျော်ကိုဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုများကို ဦးချိုအေး ဖုန်း–၆၉၉၅၁၁ နှင့် ၆၉၉၅၁၈ တို့သို့ တိုက်ရိုက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)



ကျေးဇူးဆပ်ပါမည်

ဈ/၂၉၄၈ ချက်ပလက်ဘဲလ်အဲယားဆီဒင် အမျိုးအစား၏ ကမ/၃ လိုင်စင်စာအုပ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိသူများ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပါ။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

၀၉–၉၉–၂၁၂၉၃၊ ၀၉–၅၀–၀၁၁၂၄၊ ၇၂၃၇၁၈၊ ၅၄၅၆၅၂။



ဝိပဿနာရှုပွားနည်းဟောပြောပို့ချမည်

ရန်ကုန် ဇူလိုင် ၁၁

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီးဦးသန်းရွှေ (ဒလ–အုံကြီး)က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီးတွင် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီထိလည်းကောင်း၊ ဝါဆို ၇ ရက်တရားစခန်းကို(ဒလ–အုံကြီး)ဓမ္မရသရိပ်သာတွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်ထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအထိ ကိုယ်တွေ့ဝိပဿနာရှုပွားနည်းများကို ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာနယူးစ်ဂျေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၉) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၁

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂျေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၉)ကို ဖြန့်ချိထားသည်။

ယခုအပတ်ဂျာနယ်တွင် မြန်မာ့လယ်ယာထွက်ကုန်၏ မြစိမ်းရောင်ဆန်မျိုးသစ် ပြည်ပအဝယ် စိတ်ဝင်စား၊ မြန်မာနိုင်ငံဖြတ်ကျော်ကာ ထိုင်းနှင့် တရုတ်တို့ ကုန်းကြောင်းကုန်သွယ်မှုများစတင်၊ ပြိုင်ကားငယ် ဂိုး–ကတ်မောင်းကားလမ်း ၈၀ ရာခိုင်နှုန်း ပြီးစီးနေ စက်တင်ဘာလကုန်ခန့် စကစားနိုင်မည်၊ မြို့လယ်ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုအတွင်း ရှေးဟောင်းအုတ်ရိုးတူးဖော်တွေ့ရှိ၊ လှော်ကားအခြေခံ ၄က်ကြည့်နည်း သင်တန်းညအိပ်စခန်းဖွင့်သင်မည်၊ ကားပါမစ်များ သက်တမ်းတစ်လသာပေးမည်၊ တိုကျိုတွင် ခွေးအငှားဆိုင်များ တိုးပွားလာနေ၊ အမေရိကန်ကို ကျော်ဖြတ်ကာ တရုတ်က ကမ္ဘာပေါ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးရနိုင်ငံအဖြစ် ရောက်ရှိ၊ အိန္ဒိယဆာရီနိုင်ငံတကာဖက်ရှင်သို့ထိုးဖောက်ပြီ၊ တောင်ကိုရီးယားတွင် သတို့သမီးသင်တန်းပေးနေရ စသည့် ပြည်တွင်းပြည်ပ စိတ်ဝင်စားဖွယ် သတင်းများ၊ အပတ်စဉ်ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်ဈေးနှုန်းသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာ ဖော်ပြထားကာ e-Empire Madia House ဖုန်း ၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

ဇူလိုင် ၁၁ ရက် နံနက်က ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဒဂုံမြို့နယ် အလက(၂)တွင်ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးထွန်းကြည်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်း စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (မြန်မာ့အလင်း)

အခြေခံစာရင်းကိုင် သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၁

စာရင်းပညာ လေ့လာလိုသူများအတွက် အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၂၁)ကို အမှတ် ၂၂၁၄ ဘဏ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်း စာရင်းရုံး၌ ဩဂုတ် ၂ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းစစ်ချုပ်ရုံး၏ အခြေခံစာရင်းကိုင်ပညာသင်တန်း အောင်လက်မှတ် ရယူလိုသူများ၊ စိတ်ဝင်စားသူများသည် ဖုန်း– ၃၇၁၆၉၇ နှင့် ၃၇၁၅၉၄ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ပြီး အဆိုပါသင်တန်းသို့ အနိမ့်ဆုံးအခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု မြောင်းမြခရိုင်၌ ဝတ်စားဆင်ယင်မှုသရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

မြောင်းမြခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုသရုပ်ပြပွဲနှင့် ထူးချွန်အမျိုးသမီးများဂုဏ်ပြုပွဲကို ဇူလိုင် ၃ ရက်က မြောင်းမြအထက(၁)ကျောင်းဝင်း ပညာရတနာခန်းမတွင်ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နွဲ့နွဲ့ဝင်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ၂၀၀၃–၂၀၀၄ ခုနှစ် မြောင်းမြမြို့နယ်အတွင်း လူမှုရေး၊ ပညာရေး၊ အားကစားကဏ္ဍတို့၌ ထူးချွန်ခဲ့သော အမျိုးသမီးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ခေတ်အလိုက်ဝတ်စားဆင်ယင်မှုသရုပ်ပြပွဲကို မြောင်းမြပညာရေး ကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းသူလေးများက သရုပ်ပြ တင်ဆက်ကြသည်။ (က–ပ)

ဇူလိုင် ၁၁ ရက်က ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင် ဦးဆောင်၍ ဆရာ ဆရာမများ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများက ကျောင်းဝန်းကျင်တွင် အရိပ်ရပင်များ၊ ပန်းအလှပင်များနှင့် မြန်မာ့ဆေးဖက်ဝင် ပရဆေးပင်များကို စိုက်ပျိုးကြစဉ်။ (က–ပ)

ဒဂုံမြို့နယ် အထက(၁) စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၁

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျောင်းဝင်းအတွင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်၊ မိဘဆရာအသင်းဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးညွန့်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမ များနှင့် ကျောင်းသားကျောင်းသူလေးများက ကျောင်းဝင်းအတွင်း ကံ့ကော်၊ ယုဇန၊ ပွင့်တူရွက်တူ၊ လေကာ၊ အာသောက၊ သံပရာ၊ ငရုတ်၊ သစ်ဆိမ့်ပင်၊ ပန်းအလှပင်များနှင့် စားပင်သီးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးကြသည်။ (မြန်မာ့အလင်း)

မိုးစပါးစီမံကိန်းမျိုးသန့် မွေးမြူစိုက်ပျိုးနည်းပညာ ဟောပြော သရုပ်ပြပွဲ စဉ့်ကိုင်မြို့နယ် သိန္နီကုန်းကျေးရွာ၌ ကျင်းပ

စဉ့်ကိုင် ဇွန် ၂၅

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစီမံကိန်းတွင် တောင်သူတစ်ပိုင်တစ်နိုင် မျိုးသန့်မွေးမြူစိုက်ပျိုးခြင်း နည်းပညာဟောပြောပွဲနှင့် သရုပ်ပြပွဲကို စဉ့်ကိုင်မြို့နယ် သိန္နီကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၆၁/ခ ဦးပိုင်အမှတ် ၄၅/၁ တောင်သူဒေါ်ရီ၏ စိုက်ခင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက စပါးသီးနှံ ပန်းတိုင် အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းလေးသွယ်အနက် သီးနှံအလိုက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးသည် အဓိကအချက်တစ်ချက်ဖြစ်ကြောင်း၊ ၂၀၀၃-၂၀၀၄ နွေစပါးမျိုးသန့်အဆင့်(၁) စိုက်ခင်းများမှ တောင်သူများကိုယ်တိုင် တစ်ပိုင်တစ်နိုင် ခေါင်နှံရွေးချယ်၍ မျိုးသန့်ပွားများဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

၎င်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနခွဲမှ မန်နေဂျာ ဒေါက်တာထွန်းဝင်းနှင့် မန္တလေးတိုင်း တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်ဝင်းဝင်းမြင့်တို့က ခေါင်နှံရွေးချယ်၍ တစ်ပိုင်တစ်နိုင် မျိုးသန့် မွေးမြူပွားများနည်းကို ရှင်းလင်းပြောကြားပြီး လက်တွေ့စိုက်ပျိုး ပြသကြသည်။**(ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး မိုးစပါး ဧက ပြည့်မီရေး ဆားလင်းကြီး၌ဆွေးနွေး

ဆားလင်းကြီး ဇွန် ၃၀

၂၀၀၄-၂၀၀၅ ခုနှစ် ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေးဆွေးနွေးပွဲကို ဇွန် ၁၆ရက်က ဆားလင်းကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံးတွင် ကျင်းပရာ စစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယတိုင်း မန်နေဂျာ ဦးတင်မောင်မြင့်၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မြမြ၊ တိုင်းသီးနှံပိုးမွှား ကာကွယ်ရေးတာဝန်ခံ ဒေါ်ညွန့်ညွန့်၊ တိုင်းမြေအသုံးချရေးဌာနခွဲမှ ဒေါ်မင်းမင်းသန်းနှင့် မုံရွာခရိုင် မန်နေဂျာ ဦးတင်အောင်ဝင်းတို့က အသီးသီးပညာပေးဆွေးနွေးကြသည်။(အပေါ်ပုံ)

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ အဓိကသီးနှံ ၁၀ မျိုးအနက် စစ်ကိုင်းတိုင်းနှင့် သက်ဆိုင်သော အဓိကသီးနှံ ရှစ်မျိုးကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေး၊ မိုးစပါးဧက သိန်း ၂၀ ပြည့်မီရေးအတွက် အဓိကထားဆောင်ရွက်ရေး၊ မြို့ဝင်မြို့ထွက် စံပြကွက် စမ်းသပ်ကွက်များ ပီပီပြင်ပြင်စိုက်ပျိုးရေး၊ မျိုးသန့်စံပြကျေးရွာများ တည်ဆောက်ရေး၊ လယ်ကန်သင်း သီးနှံစိုက်ပျိုးရေး ဆွေးနွေးကြသည်။

<u>ကြည့်ရှု</u>

ဒုတိယတိုင်းမန်နေဂျာနှင့်အဖွဲ့သည် ဆုံတား၊ မြေဇွန်းကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးပဲတီစိမ်း ဧက ၅၀၀ စိုက်ပျိုးထားသည့် ပန်းတိုင်အထွက်နှုန်းစိုက်ကွင်းသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုကြကြောင်း သိရသည်။ **(၃၄၆)**

မော်ကျွန်းကျေးရွာများသို့ လက်တွန်းထွန်စက်များ ရောင်းချ

မော်လမြိုင်ကျွန်း ဇူလိုင် ၉

မော်လမြိုင်ကျွန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ လယ်ယာ-၁၆ လက်တွန်းထွန်စက်များကို မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရောင်းချပေးလျက်ရှိရာ ဇူလိုင် ၈ရက်အထိ လယ်ယာ-၁၆ လက်တွန်းထွန်စက် ၁၁၂စီး ထုတ်ပေးပြီးဖြစ်သည်။

<u>သရုပ်ပြ</u>

အဆိုပါ လယ်ယာ-၁၆ လက်တွန်းထွန်စက်များကို ကျေးရွာများသို့ ရောင်းချထုတ်ပေးရာတွင် မြို့နယ်စက်မှုလယ်ယာဦးစီးအရာရှိ ဦးတင်မောင်ထွန်းနှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးထွန်းလင်းတို့က ကြီးကြပ်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် ၅၃ ထွန်စက်စခန်းမှ စက်မှုကျွမ်းကျင်ဝန်ထမ်းများက စက်စွမ်းအားနှင့် ထိန်းသိမ်းကိုင်တွယ် မောင်းနှင်နည်းများကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြသကြသည်။**(အောက်ပုံ)** **(၀၉၇)**

ကျေးလက် သတင်း နှင့် မြင်ကွင်း



အိမ်မဲမြို့နယ် ရွှေဘိုရေကျော်ကျေးရွာ၌ ဇွန် ၁၆ ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ကိုယ့်အားကိုယ်ကိုးကျေးလက်ဖွံ့ဖြိုးရေး(တက်လူ)စာကြည့်တိုက်ဖွင့်လှစ်ပွဲ ပြုလုပ်ရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးမြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မေမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကုလားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု သစ်ပင်စိုက်ပွဲတော် ညောင်ပင်ကွင်းကျေးရွာတွင် ကျင်းပ

ကံမ ဇွန် ၃၀

ကံမမြို့နယ် ညောင်ပင်ကွင်းကျေးရွာ လမ်းဘေးဝဲယာတွင် ဇွန် ၂၆ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းငွေဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ သစ်တောရေးရာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ရွှေ နှင့် အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီမေသွင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက် စိုက်ပျိုးကြောင်း သိရသည်။**(အောက်ပုံ)** **(၄၈၉)**

ကျေးရွာများသို့ ရေပေးဝေသည့်ပိုက်လိုင်းများ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ စစ်ဆေး

ရှာင် ဇူလိုင် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ ရှာင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမင်းဆွေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဇော်ဝင်းတို့သည် ကျေးလက်သန့်ရှင်းသော သောက်သုံးရေစဉ်ဆက်မပြတ်ရရှိရေးအတွက် ဇွန် ၃ ရက်က ရှာင်မြို့နယ်၊ အင်းကုန်း-ငါးဆူ ကျေးရွာသို့ ရေပေးဝေသည့် ရေပိုက်လိုင်းများအား ကြည့်ရှုစစ်ဆေးကြသည်။

ကျေးရွာရေစုကန် ဆေးကြောခြင်းအား မြို့နယ်အသင်းမှ မြို့နယ်အလုပ်အမှုဆောင်ဦးစောထွန်းခိုင်၊ ဦးအောင်မျိုးခိုင် တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုစုပေါင်းသွေးလှူ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အားပေးကြည့်ရှု

မော်လမြိုင် ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဇွန်၂၁ရက် နံနက်၉နာရီက မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

အစီအစဉ်အရ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် သန်းပေါင်းများစွာသော လူသားတို့၏ အသက်သွေးကိုလိုအပ်တဲ့အချိန်၊လိုအပ်သောပမာဏ သွင်း၍ ကုသနိုင်ပါမှ အသက်ချမ်းသာရာရမည်ဖြစ်ကြောင်း၊ သွေးသွင်းကုသမှုနှင့် သွေးဌာနလုပ်ငန်းများကိုလည်း ခေတ်မီဖွံ့ဖြိုးအောင် ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်းနှင့် ခေတ်မီပစ္စည်း ကိရိယာများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သွေးအလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် စေတနာသွေးအလှူရှင်များ တိုးပွားလာရေးကို စည်းရုံးလှုံ့ဆော်ကြရန်လိုအပ်ကြောင်းစသည်ဖြင့်အကျယ်တဝင့် မှာကြားသည်။ ထို့နောက် ရောဂါဗေဒဆရာဝန် ဒေါက်တာခင်ရွှေမာက သွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းအဖြစ်သွေးလှူဒါန်းပွဲအခမ်းအနားကို သွေးလှူဘဏ်၌ ကျင်းပရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီးဒေါ်သန်းသန်းနွဲ့တို့က ကြည့်ရှုအားပေးကြပြီး သွေးလှူရှင်များအတွက် အာဟာရထောက်ပံ့ငွေကျပ်၁၀၀၀၀၀ကိုပေးအပ်လှူဒါန်းကြသည်။ **(ယာပုံ)** အဆိုပါသွေးလှူဒါန်းပွဲသို့ စေတနာသွေးအလှူရှင် ၇၀ တို့က စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။ **(၁၆၈)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ကေတုမတီ ကျေးလက် ဂဝံလမ်းခင်းနေခြင်းကို ဇူလိုင် ၅ ရက်က ပဲခူး တိုင်းညွှန်ကြားရေးမှူး ဦး မောင် မောင်အောင်ကွင်းဆင်းကြည့် ရှု စဉ်။ (မြို့နယ်စည်ပင်)

ဇွန်၂၆ရက်က ဆိပ်ဖြူမြို့နယ် ဥက္ကဋ္ဌဦးရဲလှနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အမှုဆောင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးလှရွှေနှင့် သစ်တောဝန်ထမ်းများပူးပေါင်း၍ ထန်းပင်ချောင်းကျေးရွာအနီးလမ်းဘေးဝဲယာတွင်သစ်ပင်မျိုးစုံ စုပေါင်း စိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကောက်ရငွေ ပိုင်ရှင်ထံပေးအပ်

သနပ်ပင် ဇူလိုင် ၁

သနပ်ပင်-ပဲခူး ကားလမ်း ဖွဲ့နဆီစက်ရှေ့တွင် ကောက်ရခဲ့သော ကျပ်ငါးသောင်းကို ရိုးသားစွာဖြင့် တာဝန်ရှိသူများထံ အကြောင်းကြားအပ်နှံပြီး ပိုင်ရှင်အား စုံစမ်း၍ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက်နံနက်ကသနပ်ပင်မြို့နယ် အခြေခံ မြို့ပြကားလေး အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ငွေကျပ်ငါးသောင်း ကောက်ရသော်လည်း ရိုးသားစွာဖြင့် တာဝန်ရှိသူများထံ အပ်နှံခဲ့သော သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အခွန်အကောက်(၄) ဝန်ထမ်းဒေါ်ချိုမေလေးမောင်နှင့် သနပ်ပင်မြို့ အခြေခံမြို့ပြ ကားလေးအသင်းမှ ဏ/၂၇၈၂ ယာဉ်မောင်း ဦးအုန်းမြင့်တို့က ကောက်ရခဲ့သော ကျပ်ငါးသောင်းကို ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နေ ဒေါ်နှင်းထံ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ) (၃၄၇)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

ပဲခူး ဇွန် ၃၀

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရားဈေး၊ သစ်ဈေး ရေစီးရေလာကောင်းမွန်ရေးအတွက် ပင်မရေထွက်မြောင်းဖြစ်သည့် ဈေးအရှေ့ဘက်ခြမ်းရှိ ခေမာရုံသီလမ်း ရေနုတ်မြောင်းအတွင်း နုန်းများဆယ်တင်ခြင်း၊ အမှိုက်နှင့် အညစ်အကြေးများရှင်းလင်းခြင်းကို ဇွန် ၂၆ရက်က မြို့နယ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်လွင်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးခိုင်လျှန်းယန်တို့က အနီးကပ်ဦးဆောင်၍ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင် အဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန်၃၀ ရက်က ရှင်စောပုခန်းမ၌ ကျင်းပရာ လုပ်ငန်းဆောင်ရွက်မှု ပထမဆုရ ဘုရားကုန်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲအား မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်မိသားစု ပညာသင်စရိတ်ထောက်ပံ့

ကောလင်း ဇွန် ၃၀

ကောလင်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်အတွက်ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၈ရက်က ကောလင်းမြို့နယ် ရုံးခန်းမဆောင်တွင် ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်မှူး ဒုတိယရဲမှူး ဝင်းမြင့်ထူးက အမှာစကားပြောကြားပြီး ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်တွင် မူလတန်းဆင့် ၆၅ ဦး၊ အလယ်တန်းဆင့် ၃၈ဦးနှင့် အထက်တန်းဆင့် ၁၄ဦးတို့အား ပညာသင် ထောက်ပံ့ငွေများ တစ်ဦးချင်း လွှဲပြောင်းပေးအပ်သည်။ **(၀၂၆)**

ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှုပြပွဲ ပါဝင်ကြသူများ ဂုဏ်ပြုပွဲကျင်းပ

ဖားကန့် ဇွန် ၂၆

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ပါဝင်ကြသူများ ဂုဏ်ပြုပွဲအခမ်းအနားကို မရှိကထောင်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမတွင် ဇွန် ၃ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီးတင်ရှိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်လင်းမော်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပါဝင်ခဲ့ကြသောဌာနဆိုင်ရာ ဝတ်စားဆင်ယင်မှု၊ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု၊ ကျေးလက်သမီးပျိုများ၏ ဝတ်စားဆင်ယင်မှု၊ ကချင်ရိုးရာ၊ မင်္ဂလာမောင်မယ်၊ ပုဂံခေတ်အက၊ ထီးယိမ်းအက၊ ပြည်တွင်းဖြစ် အဝတ်အထည်ဖက်ရှင်သရုပ်ပြ စသည့်ပြပွဲတွင် ပါဝင်ခဲ့ကြသူများကို ဗိုလ်မှူးကြီးတင်ရှိန်က ဂုဏ်ပြုဆုများ ပေးအပ်သည်။ **(အပေါ်ပုံ)**

(က-ပ)

ခန္တီးမြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန်၅ ရက်က ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလှမိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

SKY [illegible]

Diploma in IT [illegible]

Diploma in Information Technology [illegible]

CHRD (UDEY)

MCC ၏ အကျိုးရှိရှိ ထိထိမိမိ သင်တန်းများ

◆ Sales & Marketing Course — [illegible]

[illegible] Sales Manager, Marketing Manager, Sales Promoter, Marketing Assistant [illegible]

◆ Business English Course — [illegible]

[illegible]

အမည်ပြောင်း

ဦးဝင်းဌေး၏သမီး အထက ၁ ရန်ကင်း ဒသမတန်း(A) မှ မဝင်းနီလာသိမ့် ၁၂/ဗဟန(နိုင်)၀၈၅၄၈၇ အား မနီလာဝင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနီလာဝင်း။**

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။

[illegible] သင်တန်း [illegible]

အမည်ပြောင်း

ဦးကျော်ဦး၏သား အထက(၅) မရမ်းကုန်း၊ စတုတ္ထတန်း(က)မှ မောင်ပိုင်စိုးဦးအား ယနေ့မှစ၍ မောင်ကောင်းစံလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းစံလင်း။**

အမည်ပြောင်း

ဦးကျော်ညွန့်ဦး၏သား အထက (၅) မရမ်းကုန်း၊ ပဉ္စမတန်း(က)မှ မောင်ကျော်ခိုင်ဦးအား ယနေ့မှစ၍ မောင်ကျော်ရဲခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ရဲခိုင်။**

ငြိမ်းချမ်းသာယာရေးသမ္မန်စာ [illegible]

[illegible]

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပထမနှစ်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်အတွက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ဒီပလိုမာသင်တန်းတက်ရောက်ခွင့်ကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။

၂။ ၂၀၀၄ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြရပါမည်။ သင်တန်းဝင်ခွင့်စာမေးပွဲဖြင့် သင်တန်းသားများကို ရွေးချယ်ယူပါမည်။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်း (စာမေးပွဲဌာန)တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ (ဖုန်း-၅၁၅၂၃၆)

ကြည်ကြည်ဆွေ
မော်ကွန်းထိန်း
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	14(T)6/MR(S &T) 2004-2005	1.Hand Generator	15-Nos.
		2.Signal Motor	15-Nos.

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၁၁-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂း၀၀)နာရီ

ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၁၁-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၂-၇-၂၀၀၄) ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂။

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံပွဲကို အမက(၁၁)တွင် ပြုလုပ်ရာ ဇမ္ဗူရတနာယဉ်ကျေးလိမ္မာသင်တန်းမှ လှူဒါန်းငွေကျပ် ငါးသောင်းမှ ကျောင်းသုံးပစ္စည်းများကို ကျောင်းအုပ် ဆရာမကြီး ဒေါ်နွဲ့နွဲ့ရီက ကျောင်းသားများသို့ ပေးအပ်စဉ်။ (က-ပ)

ဇွန် ၂၆ရက်က ကျိုက်လတ်မြို့နယ် အထက(၁) ကျောင်းခန်းမတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပြိုင်ပွဲဆုရရှိသူ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအုပ်တင်ဖေ ဟောပြောစဉ်။ (ဝ၅၈)

ဇူလိုင် ၇ ရက်က အင်းစိန်မြို့နယ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးအဖွဲ့၏ မြို့နယ်အဆင့် အသိပေးဆွေးနွေးခြင်းနှင့်လုပ်ငန်းတာဝန်များ ရှင်းလင်းတင်ပြပွဲအခမ်းအနားတွင် ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဦးကံဦး ဆွေးနွေးပြောကြားစဉ်။ (က-ပ)

e- Education Learning Centre
သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်
မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁၂-၇-၂၀၀၄ (တနင်္လာနေ့)

- ❑ Teaching Short Story (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Psycholinguistics (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Psycholinguistics (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၃-၇-၂၀၀၄ (အင်္ဂါနေ့)

- ❑ English Language Teaching Methodology (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ English Language Teaching Methodology (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Psycholinguistics (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၄-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Research Methodology (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Research Methodology (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Research Methodology (3) + (4)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၅-၇-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Teaching Business English (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Teaching Business English (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Teaching Business English (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၆-၇-၂၀၀၄ (သောကြာနေ့)

- ❑ Error Analysis (1) + (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Error Analysis (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Teaching Literature as Resource in language Class-rooms
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ

၁၇-၇-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၈-၇-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

မွေးနေ့ဆုတောင်းလွှာ

ဇူလိုင် ၁၂ ရက်တွင် ကျရောက်တဲ့ ချစ်သောမေမေ Mabel ရဲ့ (၆၀)နှစ်မြောက်မွေးနေ့ ကျန်းမာချမ်းမြေ့ပါစေ။

ဇူလိုင် ၂၇ ရက်တွင် ကျရောက်တဲ့ သမီးကြီးအေးရဲ့ မွန်မြတ်တဲ့မွေးနေ့မှာ ရည်မှန်းချက် အားလုံးပြီးပြည့်စုံပါစေ။

နောင်နှစ်ပေါင်း ၁၀၀ တိုင် မွေးနေ့ပေါင်းများစွာ မိသားစုနှင့်အတူ ဆင်နွှဲနိုင်ပါစေ။

ချစ်သော ပါပါ-မေမေ
ချစ်သော သမီးများ-ပူး၊ ဂူးနှင့်စူး။

သက္ကရာဇ်အမှန်

အမှတ်၁၃ ၁၀၈လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ မသက်သက်ဇော် ၁၂/မဂတ (နိုင်)၀၈၁၄၂၂၈၏ မွေးနေ့ သက္ကရာဇ် အမှန်မှာ ၁၁-၆-၁၉၈၃ ခုနှစ် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပုသိမ်မြို့ အထက(၆) န၀မတန်း(E)မှ မဆွေထက်ထက်နှင်း၏ ဖခင် အမည်မှန်မှာ ဦးရွှေတိုး ဖြစ်ပါသည်။

လက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်း မြင်းခြံမြို့နေ ဦးသန်းရွှေ လ/ထ ပညာရေးမှူး(ငြိမ်း)-ဒေါ်တင်ဌေးအောင် (အထက်တန်းပြ၊ အထက(၁)မြင်းခြံ)တို့၏ သားကြီး

ဗိုလ်အောင်ကိုသန်း (M.B,B.S) DSMA

နှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နေ ရဲအုပ်တင်ဝင်း(မုံးပေါ်ရဲစခန်းမှူး)-ဒေါ်ဌေးဌေး တို့၏ တစ်ဦးတည်းသော သမီးလတ်

မသက်အိခိုင် [B.P.Sc (Medical Technology)]

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ရန်ကုန်တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ၁-၇-၂၀၀၄ ရက်တွင် ဂုဏ်သရေရှိ တရားသူကြီး၊ အသိသက်သေလူကြီးများ ရှေ့မှောက်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး၍ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်အောင်ကိုသန်း-မသက်အိခိုင်။

အမည်ပြောင်း

အမည်ပြောင်း ဦးမင်းမင်း ၁၂/ဗဟန(နိုင်)၀၀၄၇၇၄ ၏သမီး အထက(၂) ရန်ကင်း ဆဋ္ဌမတန်း(က)မှ မမေစပါယ်ဖူးအား မမေမြတ်နိုးခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေမြတ်နိုးခိုင်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာ တန် ၂၀၀၀ ကို ပုံးဖြင့်ဖြစ်စေ 3-Ply Poly bag ဖြင့်ဖြစ်စေ ကော်မတီ၏သိုလှောင်ရုံများအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၃-၇-၂၀၀၄ နေ့ ၁၆း၀၀ နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
